# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၅)ရက် ၊ တနင်္လာနေ့ ၊ (24-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံအရေး တို့အရေးမို့ နိုင်ငံသားတိုင်း မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနား ကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်




**နေပြည်တော် နိုဝင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။






ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# ဒေသခံပြည်သူများ၏ကျန်းမာရေးအပေါ် တပ်မတော်၏စေတနာ

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် အဆိုပါဒေသရှိဒေသခံပြည်သူများအပေါ် ထားရှိသည့် တပ်မတော်၏စေတနာပြယုဂ်တစ်ခုပင်ဖြစ်ပေသည်။

ထိုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗဟိုတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် နိုဝင်ဘာ ၁၇ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း အသီးသီးထွက်ခွာခဲ့ကြပြီး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုဝင်ဘာ ၁၇ ရက်တွင် စတင်ထွက်ခွာလာခဲ့သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ မအူပင်မြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ဝါးခယ်မမြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေသကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည်လည်း နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ငပုတောမြို့နယ်ရှိကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါလာပြီး ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အပြင် X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လာရောက်ရာတွင် အဆိုပါမြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသကဲ့သို့ ကျေးဇူးတင်ဝမ်းမြောက်စကားများလည်း ပြောကြားကြသည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအပြင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိပေသည်။ ယခုကဲ့သို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုများကို မေတ္တာ၊ စေတနာ၊ အကြင်နာတရားအပြည့်ဖြင့် ဆေးကုသမှုပေးနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့၏လုပ်ဆောင်ချက်များကို ဝမ်းမြောက်မိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန် ၃၄ ရက် သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သိမ်လမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၂၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၁၆ ဧကနှင့် ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၇၈၂ ဧကနှင့် ဖူးစားပြောင်း ၁၅၈၂ ဧက စုစုပေါင်း ၂၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၇၁၃၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၃၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပြီး ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က ထပ်မံပြီးတော့ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သောနေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၃**

အမရပူရခရိုင် အမရပူရမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊နေအိမ်အဆောက်အအုံများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့် နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုရှိ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားတို့ဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက် ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက် ပျက်စီးမှုအလိုက် (လုံး၀၊ တစ်စိတ်တစ်ပိုင်း) ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့်ထောက်ပံ့နှုန်းထားအတိုင်း ငွေသား၊အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများ အတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကိုလိုက်နာပြီး တည်ဆောက်သွားရန်လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အမရပူရမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံလုံး၀ပျက်စီးသည့် နေအိမ်အလုံး ၆၄၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၁၄၁၂ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၃၆၆ ဒသမ ၄၁၂ သိန်း၊ ဘိလပ်မြေအိတ် ၂၀၇၆၆၄ ဒသမ ၃၇၂ အိတ်၊ သံချောင်းလုံး ၃၅၇၇ ဒသမ ၅၂၅ တန်နှင့် အမိုးသွပ် ၆၄၈၉၈ ဒသမ ၂၃၇ ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဘေးသင့်ပြည်သူများကို အားပေးစကားများပြောကြား၍ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၈၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၈၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၄၄၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၈၄၃ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ စပါးဧက ၅၄၄၄၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိမှာတော့ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့မှာ ၇၈၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# တံတားဦးမြို့နယ် အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အုတ်ကျုတ်ဖိုကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အုတ်ကျုတ်ဖိုကျေးရွာရှိ စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း လယ်ငါးခူပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း လယ်ငါးခူပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးခူပိဿာချိန် တော်တော်များများတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေရပါတယ်။ လက်ရှိအချိန်က ဒေသမှာ လယ်ငါးခူတွေ ထွက်ရှိနေတဲ့အချိန်ပါ။ ဒီငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ ငါးဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့တာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစု လှိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ထွက်ရှိသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ မှ ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးခူများကို စနစ်တကျထုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေချိုငါးခူရှာဖွေသူလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဟောခြင်းပြောခြင်းအတတ်

## ချစ်နိုင်(စိတ်ပညာ)

What is necessary to change a person is to change his awareness of himself.

**ABRAHAM MASLOW (1908–1970)**

"လူတစ်ယောက်ကို ပြောင်းလဲအောင် လုပ်ဆောင်ချင်ရင် ဘာလိုသလဲ။ သူကိုယ်တိုင် သူ့ကိုယ်သူ သတိမူမိအောင် ရှင်းပြတာ လုပ်ရပါမယ်။"

**အေဘရာဟမ်၊ မတ်စလို(၁၉၀၈–၁၉၇၀)**

(အနောက်တိုင်းစိတ်ပညာရှင်)

ကျောင်းတွေမှာ စာသင်ကြားတဲ့အခါ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းသင်ခန်းစာဘာသာရပ်များ ရှင်းပြသင်ကြားခြင်းက ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဘာပဲဖြစ်စေဖြစ်စေ သိရှိနားလည်စေဖို့သာ ဖြစ်ပါတယ်။ သင်ရိုးပြဋ္ဌာန်းစာအုပ်ကို သင်ကြားပြသသူချင်းအတူတူ စာသင်ကောင်းတဲ့ ဆရာ၊ ဆရာမရဲ့ ဘာသာရပ်နဲ့ အတန်းက စာမေးပွဲအောင်ချက်ကောင်းလေ့ရှိပြီး စာသင်တာ သိပ်မတော်တဲ့ ဆရာရဲ့အတန်းက အမှတ်နည်းသူနဲ့ ကျရှုံးသူများလေ့ရှိတာ တွေ့မြင်ဖူးမှာပါ။ ဘာကွဲသလဲဆိုတော့ တန်းစီထားတဲ့ ပုလင်းတွေထဲကို လူတစ်ယောက်က ရေလောင်းတာနဲ့တူတယ်။

- အချို့လူက အဝေးမှ သကြ်ာန်ရေပက်သလို လှမ်းပက်တာမျိုးလုပ်တယ်၊ သူက လောင်းတာပဲလေ၊ သို့ပေမယ့် ဘေးမှာရောက်နေတာက များများ။
- အချို့လူက လောင်းပါတယ်။ သို့တစေ ပုလင်းအဖုံးတွေကို သူက အရင်မဖွင့်ဘူး။ လောင်းတော့ လောင်းရှာပါရဲ့။
- အချို့လူက အဝေးက လှမ်းပက်တာလည်း မဟုတ်ပါဘူး။ အဖုံးမဖွင့်တဲ့ ပုလင်းထဲ လောင်းနေတာလည်းမဟုတ်ဘူး။ တုံးလုံးလဲတဲ့ ပုလင်းတွေ၊ ကွဲနေတဲ့ပုလင်းတွေကို ဘာမှ မကြည့်ဘဲ မစစ်ဘဲ ဝတ်ကျေတမ်းကျေ ရေခွက်လေးနဲ့ ပက်နေတာ၊ စိတ်မပါ လက်မပါ။
- အမျိုးမျိုးသော ပုလင်းထဲ၊ ခွက်ထဲ၊ ပုံးထဲ ရေလောင်းနေကြတာကို မြင်ယောင်ကြည့်ပါ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည် စသည်။

ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူဘဝ အများစုက ဖြတ်သန်းခဲ့ကြပြီးသားမို့ ထင်သာမြင်သာတဲ့ ဆရာ၊ ဆရာမများနဲ့ စာသင်သားများအခြေအနေ စာသင်ခန်းမြင်ကွင်းကို ဟောပွဲပြောပွဲတွေနဲ့ ဥပမာတင်စား ဖော်ပြခဲ့ခြင်းပါခင်ဗျာ။ စာသင်သားက ဆရာသင်ကြားတဲ့ သင်ခန်းစာ ဘာသာရပ် ပြဋ္ဌာန်းချက်ကို စိတ်ဝင်တစား တစ်အုပ်လုံးကို ခြုံငုံမိတ်ဆက်ခြင်း၊ ဒီဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်ခြင်းအားဖြင့် နောင်အခါကြီးလာတဲ့အခါ ပထဝီနိုင်ငံရေးကို သူများတကာထက် ပိုမိုနားလည်မယ်။ နိုင်ငံနဲ့လူမျိုး ကောင်းကျိုးတွေကို ရေရှည်အမြော်အမြင်ရှိရှိနဲ့ သမိုင်းပေးတာဝန်တွေ ကောင်းမွန်အောင် လုပ်ဆောင်ဖန်တီးနိုင်ကြမယ် စသဖြင့် အကြောင်းအရာနဲ့ စာသင်သားကို အရောတဝင် ချစ်ခင်ရင်းနှီးချင်အောင် သင်တတ်ပြတတ်တဲ့ ဆရာလည်းရှိတယ်။ စာအုပ်ကို တစ်လှည့်စီဖတ်ပြ၊ နားထောင်ကြ ဒါပဲ။ ပြီးပြီဆိုတဲ့ ဆရာမျိုးလည်း ရှိတတ်တာပဲနော်။

စာရေးခြင်းဆိုတာဟာ စာရွက်ပေါ်မှာ ကလောင်တံ၊ ခဲတံနဲ့စာလုံးတွေကို ရေးနေခြင်းမဟုတ်ဘူး။ လူတစ်ယောက်မှတစ်ယောက်သို့ မြင်အောင်၊ ကြားအောင်၊ ခံစားရအောင်၊ သိရှိနားလည်အောင်၊ သဘောပေါက်တတ်မြောက်အောင် စိတ်ကိုရေးတဲ့သဘောဖြစ်တယ်လို့ ဆရာပီမိုးနင်း(၁၈၈၃–၁၉၄၀)က ရေးခဲ့ဖူးတယ်။ စာရေးတယ်ဆိုတာ စိတ်ကိုရေးတာလို့ ပီမိုးနင်းရဲ့စကားကို မိမိအသက်ငါးဆယ်ကျော်မှ သတိပြုမိ၊ သိရှိနားလည်ရပါတယ်။ အရင်က သိသလိုလို မသိသလိုလိုနဲ့ ဝေဝေဝါးဝါးပါပဲ။ လူဟာသိတာချင်းအတူတူ ထိထိမိမိ လေးလေးနက်နက် သိမြင်အောင် ရေးတတ် ပြောတတ်တာဟာ ပညာပါပဲ။

ကျွန်တော်တို့ကို စာသင်ပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမများစွာအနက် ဆရာအရေအတွက် များစွာတွေ့ကြုံခဲ့ရတာပဲ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ အခြားအသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးမျိုးက ဆရာတွေ အပါအဝင်ပေါ့။

**❖ ဟောခြင်းပြောခြင်းအတတ်ကို တကယ်တမ်း အကဲဖြတ်အမှတ်ပေး၊ ဆုံးဖြတ်သူက ပရိသတ်ပါပဲ။ ပရိသတ်အကဲကို ဖမ်းတတ်ရမယ်။ ပရိသတ် နှစ်သက်သဘောကျလောက်တာတွေနဲ့ ဆွဲထားတတ်ရမယ်။ မိမိပေးချင်တဲ့ အကြောင်းအရာက စာတစ်စောင်ဆိုပါစို့။ ပရိသတ်ကိုပေးတဲ့ စာအိတ်က ပန်းနုရောင် ချစ်စရာလေး၊ ပန်းရနံ့ရေမွှေးလေးလဲ သင်းသင်းကြိုင်ကြိုင်နဲ့ ကြည်နူးစရာလေး ဖြစ်ပါစေ။ ❖**


ဆရာကြီး ပါမောက္ခဒေါက်တာဦးခင်အေး၊ မောင်ခင်မင်(ဓနုဖြူ)(၁၉၄၀–၂၀၂၄)ကတော့ သူ့ဘဝတစ်လျှောက် ဓနုဖြူမြို့နယ်၊ ကျုံတနီးရွာကလေးမှာ သူငယ်တန်းနေခဲ့ရတာမှစလို့ Ph.D ဒေါက်တာဘွဲ့၊ ပါရဂူဘွဲ့ရတဲ့ထိ သင်ကြားပြသ လမ်းညွှန်ကြတဲ့ ပါမောက္ခ၊ ကထိကအပါအဝင် မူလတန်းဆရာများအထိ ဆရာပေါင်း ၉၉ ဦးရှိခဲ့ကြောင်း၊ နာမည်နာမအတိအကျနှင့် စာရင်းရေးမှတ်ပြီး နေ့စဉ်ရှိခိုးပူဇော်တယ်။ ထူးထူးချွန်ချွန် ပညာကြီးပေတာလည်း မပြောနဲ့။ ကျေးဇူးသိမှတ် သိတတ်တဲ့ တပည့်လိမ္မာဖြစ်ခဲ့ပေတာကိုး။

စာရေးဆရာကြီး လယ်တွင်းသားစောချစ်ကတော့ သူ့ဇာတိ ဝန်းသိုရွာ၊ ထန်းတောရွာလေးမှ မူလတန်းအောင်လာခဲ့ပြီး စဥ့်ကိုင် အလယ်တန်းကျောင်းကို စက်ဘီးအိုလေး ခုနစ်မိုင်ခရီးစီးကာ ငါးတန်းတက်ခဲ့ရတယ်။ ပဥ္စမတန်း မြန်မာစာဆရာမ ဒေါ်အေးငွေက သင်ပုန်းပေါ်မှာ ဒွေးချိုးကဗျာလေးတစ်ပုဒ်ရေးပြကာ တစ်မျက်နှာ စကားပြေစာစီစာကုံး ရေးကြလို့ လေ့ကျင့်ခန်းပေးတဲ့အခါ အဝတ်အစားနွမ်းနွမ်းလေးနဲ့ တောကတက်လာတဲ့ ကျောင်းသားကလေး မောင်တင်လှိုင်ရေးတဲ့ "ဖိုးတောင်သူတဲ" စာစီစာကုံးလေးကို ဖတ်ပြဂုဏ်ပြုရင်း "မောင်တင်လှိုင်ရာ မင်းကတော့ ကြီးလာရင် စာရေးဆရာကြီးဖြစ်လာမယ့်သူပဲကွဲ့"လို့ ချီးမွမ်းတဲ့ဆုကိုရခဲ့တာ ယနေ့ထိ ပြောလို့မဆုံးအောင် ကြည်နူးဝမ်းသာသူ့ဘဝကို အားတက်မြင့်မားစေခဲ့ပါရဲ့။ ဆရာမ ဒေါ်အေးငွေတဲ့။

ဟောခြင်းပြောခြင်းဟာ စာသင်ပြတဲ့ ဆရာ၊ ဆရာမ၊ စာရေးကြတဲ့ စာရေးဆရာတို့သာ တတ်အပ်တဲ့ အတတ်ပညာတော့ မဟုတ်ပါ။ ပြောဆိုဆက်ဆံခြင်းအလုပ်နဲ့ ဘယ်လူမှ မကင်းနိုင်ကြလေတော့ တောင်သူဖြစ်ဖြစ်၊ အလုပ်သမားဖြစ်ဖြစ်၊ ရုံးဝန်ထမ်းဖြစ်ဖြစ်၊ ဆရာဝန်၊ သူနာပြုဖြစ်ဖြစ်၊ မန်နေဂျာ၊ ကုမ္ပဏီပိုင်ရှင်၊ လုပ်ငန်းရှင်သူဌေး၊ စစ်ဗိုလ်၊ နိုင်ငံရေးသမား၊ ဥပဒေပညာရှင်၊ ရဲအရာရှိ စတဲ့ စစ်ဘက်နယ်ဘက်၊ အရပ်ဘက်၊ ကျားမ မဟူ သိရင်ကောင်းတယ်၊ နားလည်ရင် အသုံးကျတယ်။ တတ်ကျွမ်းရင် အကျိုးရှိတယ်။ ပြောသင့်တဲ့နေရာ၊ ပြောရမယ့် အခြေအနေ၊ ပြောရင်ကောင်းကျိုးရှိစေမယ့် အချိန်မျိုးတွေ့လာတဲ့တစ်နေ့ အောင်အောင်မြင်မြင် ချောချောမောမော ပြောနိုင်ပါစေ၊ ပြောတတ်ပါစေ။

ဒီလိုစေတနာမျိုး စာရေးသူရဲ့ရင်ထဲမှာ ရှိနေခဲ့တာကြာပါပြီ။ သို့ပေမယ့် ၂၀၂၅ ခုနှစ် ဇွန်လမှာမှ ဒီအကြောင်းအရာကို စုဆောင်းလေ့လာပြုစုပြီး အခုနိုဝင်ဘာလမှာတော့ ထွက်ရှိခဲ့ပါပြီ။ ဆောင်းပါး ၃၀ ကျော် ပါဝင်တယ်။ **"ဟောပြောသူလက်စွဲ"**

စာပေဟောပြောပွဲတွေ တောင်ပေါ်မြေပြန့်၊ ဒေသ နေရာအနှံ့ ခရီးသွားပြီး ဟောပြောခဲ့ဖူးပါတယ်။ အတူတကွ ဟောပြောကြတဲ့ ဝါရင့်စာရေးဆရာကြီးများစွာဆီကလည်း ပညာတွေရပါတယ်။ ရွယ်တူတွေ၊ ငယ်သူတွေဆီကလည်း အတုယူစရာ၊ သင်ခန်းစာတွေ၊ တော်တာ ကောင်းတာတွေ နည်းနာရခဲ့ပါတယ်။ သင်ဆရာမဟုတ်သော်လည်း မြင်ဆရာ ကြားဆရာများအဖြစ် ကျေးဇူးတင်ရပါတယ်။




ဟောပြောခြင်းရဲ့ အနှစ်သာရကတော့ နားထောင်သူ ပရိသတ်ထံသို့ မိမိပို့ချင်၊ ပေးချင်တဲ့ အကြောင်းအရာ တစ်စုံတစ်ခုကို ထိထိရောက်ရောက် ရရှိသွားအောင် ဟောပြောနိုင်ခြင်း၊ ဟောပြောတတ်ခြင်းပါပဲ။

အဲဒီအချက်မှာ ဘယ်အရာက အဓိကအကျဆုံးလဲလို့မေးရင် **အဓိကအကျဆုံးက ပရိသတ်ပါပဲ။** ပရိသတ်အမျိုးမျိုးဟာ အခြေအနေအမျိုးမျိုး၊ အရည်အသွေး၊ အဆင့်အတန်း၊ အသက်အရွယ်၊ စိတ်နေစိတ်ထား၊ စရိုက်ဝါသနာ၊ ချမ်းသာဆင်းရဲ၊ အင်မတန်ကွဲပြားခြားနားကြစမြဲပါ။

သူတို့ဟာ တူတာဆိုလို့ လူဆိုတဲ့အချက်။ ဟောပြောသူက ပရိသတ်ကို မိမိသိစေချင်တဲ့ ပေးချင်တဲ့အရာကို တုံးတိတိပေးလို့ မရပါ။ ပေါက်စီလုပ်သင့်လုပ်၊ စမူဆာလုပ်သင့်လုပ်၊ မြန်မာအချိုမုန့် တစ်မျိုးဖြစ်တဲ့ မုန့်လုံးကြီး(ဆီကြော်)လုပ်ချင်လုပ်။ မုန့်လုံးရေပေါ်လုပ်ချင်လုပ်။ အခြေအနေနဲ့ကိုက်ညီပါစေ။

စားသုံးသူ သွားရည်ယို စားချင်စိတ်ပေါ်အောင် ရသ အနုပညာနဲ့ ဖမ်းစားဆွဲဆောင်မှုတော့ ပါမှရပါမယ်။ စာရွက်ရှေ့ချ၊ ဖတ်ပြနေရင်တော့ ဆယ်မိနစ်လောက်ကြာရင် ပရိသတ်မငြိမ်တော့ဘူး။ ရှူးရှူးရှဲရှဲ အသံထွက်လာမှာပဲ။

ဘယ်နည်းနဲ့ဖြစ်ဖြစ် အံကျလောက်တဲ့ နည်းတစ်ခုခုနဲ့ နားထောင်ချင်အောင် ဆွဲဆောင်ရမှာ ဟောပြောသူရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ အဲဒါ ပညာရပ်အညှာပါပဲ။

ပေါက်စီလိုပေါ့။ အပေါ်ယံ ဂျုံအဖြူသားအပြင်အထဲက ပဲပေါက်စီ၊ သကြားပေါက်စီ၊ ဝက်သားပေါက်စီ၊ သူတို့စားချင်တာ ကျွေးပေါ့။ ဒါက ရည်ရွယ်ရင်းပဲလေ။ အစ၊ အလယ်၊ အဆုံး သုံးပိုင်းလုံး ဟန်ချက်ညီညီ ပရိသတ်ကို ဖမ်းစားဆွဲဆောင်ဖို့က တစ်နာရီ၊ နှစ်နာရီဆိုရပါသေးရဲ့။ သုံးနာရီကြာလာပြီဆိုရင်တော့ ခါးညောင်းသူ၊ ဖင်ပူသူ၊ ဆီးသွားချင်သူ၊ စိတ်က ဟိုဟိုသည်သည် သတိရလာပြီ စသဖြင့် ဆက်ပြီးဟောပြောနေဖို့ အာရုံရဖို့ အင်မတန်ပဲ ခက်ခဲပါတယ်။

ကိုယ်တွေ့အဖြစ်မှန်တစ်ခု တင်ပြပါရစေ၊ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်က ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကြီး ဌေးမောင်၊ ဆရာကြီး ကျော်အောင်နဲ့ ဆရာ ဒေါက်တာတင်ထွန်းဦးတို့နဲ့ မိမိအပါအဝင် စာရေးဆရာ ငါးယောက် ရခိုင်ပြည်နယ်ဘက် ဟောပြောပွဲခရီးထွက်ခဲ့ဖူးပါတယ်။

ဟောပြောမယ့်သူက ငါးယောက်ဆိုတော့ တစ်ယောက် ၄၅ မိနစ်စီပြောအုံးတော့ လေးယောက်ဆို သုံးနာရီကြာမယ်။

**စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး ခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၅၈ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် နေကြာ ၃၁၈၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် တန့်ဆည်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီး စီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက စားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်း တွေထက် ပိုများပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့် တောင်သူ များ စွမ်းဆောင်ရည် မြင့်မားရေး အတွက် ပညာပေးသင်တန်းများ ကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံ နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုး တက်လာနိုင်မည်ဖြစ်ရာ နေကြာ ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီး မှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇွဲရှိမှ အောင်မြင်မည်

\- လောကမှာ သူငါများ
ကြိုးစားကြ အလုပ်ခွင်၊
အခက်ခဲကို ရင်ဆိုင်ရင်း
အားတင်းကာပင်၊
လူ့တန်ဖိုး အမြဲမြှင့်တင်
ဇွဲနှင့်ယှဉ် နေထိုင်ပေး၊
အချိန်တွေကို အကျိုးရှိရှိ
သုံးကြည့်စို့လေး။

\- ဘဝမှာ အောင်မြင်ရေး
နောင်အစဉ်တွေး ကြံဆကာ၊
ပျင်းစိတ်တွေ ဘယ်မထား
ဖယ်ရှားရှောင်ခွာ၊
ယုံကြည်ချက် ရှိကြပါ
ရည်မှန်းရာ အရောက်လှမ်း၊
လောကဓံကို ရင်ဆိုင်နွှဲလို့
ဇွဲနဲ့ကြိုးပမ်း။

\- စိတ်သန္တာန် မညှိုးနွမ်း
တန်ခိုးလွှမ်း လူတို့ဘောင်၊
စည်းကမ်းကို လိုက်နာလျက်
ရှေ့ဆက်ခုနှောင်၊
ဇွဲလုံ့လ ဝီရိယဆောင်
အောင်မြင်မှာ အမှန်မလွဲ၊
စွမ်းဆောင်ရည် နှစ်ဆတိုးကာ
ကြိုးစားစဉ်မြဲ။ ။

**ရဲသွေးနီ(တက်ဝန်)**

ဝ စာမျက်နှာ ၄ မှအဆက်

ငါးယောက်သား တိုင်ပင်ကြတော့ တစ်ယောက် နာရီဝက်မှ မိနစ် ၄၀ ထက်မပိုအောင် ပြောကြမယ်။ အားလုံး သဘောတူတယ်။ ရှေ့နောက် လူစဉ်ကြတယ်။ ကိုယ်ကြိုက်တဲ့နေရာအစဉ် ရွေးယူကြပါ။ ဆရာကြီး ဒွေးမောင် ပထမတက်မယ်။ ဒုတိယ ဆရာကြီးဆင်ဖြူကျွန်း အောင်သိန်း၊ တတိယ ဆရာကြီးကျော်အောင်၊ သူတို့ဟာ ဝတ္ထုရှည် ဝတ္ထုတို နိုင်ငံ ကျော် ဆရာကြီးတွေ၊ (Non-fiction) သုတစာပေသာ ရေးတတ်တဲ့ ဒေါက်တာတင်ထွန်းဦးက စတုတ္ထ၊ စာရေးသူက နောက်ဆုံး ပဉ္စမ။

စာရေးသူ ကြိုတွေးမိတယ်။ ဘယ်သူမှ နာရီဝက်လောက်နဲ့ လိပ်ပတ်လည်အောင် ပြောလေ့မရှိဘူး။ တစ်နာရီလောက်တော့ ပြောမြဲ ထုံးစံ။ လေးယောက်ပြောပြီး လေးနာရီကျော်ရင် ပွဲမသိမ်းလည်း ပရိသတ် က ထပြန်ကြမှာပဲ။ မိမိစင်ပေါ်တက်ပြောရမယ့်အလှည့် မရောက်နိုင်တာ သေချာတယ်။ ကိစ္စမရှိဘူး။ လက်ဆောင်ရခိုင်လုံချည်တော့ အတူတူ ရမှာပဲ။ အပြုံးမပျက်ပါ။ မဟောရလို့ ဘာမှမဖြစ်။

အရေးအသားကော၊ အဟောအပြောကော ဝါရင့်နိုင်ငံကျော် စာရေး ဆရာကြီးများဟာ စစ်တွေမြို့ စာပေပရိသတ်နဲ့လည်း လူချင်းတွေ့ဆုံရခဲ့ တယ်။ (တစ်သက်မှာတစ်ခါ)ဆိုတော့ စိတ်ရှိလက်ရှိ အားပါးတရ ပြောလိုက်ကြတာ (နေ့ပွဲဆိုတော့ ပရိသတ်ရဲ့ အာရုံကိုဖမ်းရတာလည်း ညပိုင်းထက် ပိုခက်ခဲတတ်ပါတယ်)တစ်ယောက်မှ တစ်နာရီထက် မလျှော့နိုင်ကြပါ။ မှတ်သားစရာတွေပါ။

အစက ဦးဥတ္တမခန်းမမှာလိုလို၊ နောက်တော့ စစ်တွေမြို့တော် ခန်းမမှာလိုလိုကနေ စစ်တွေရုပ်ရှင်ရုံထဲမှာပဲ နေ့ပွဲသာ ဟောပြောဖို့ ဖြစ်လာခဲ့ပါတယ်။

မတတ်နိုင်ပါ။ ရုပ်ရှင်ရုံကလည်း စနေ၊ တနင်္ဂနွေမှာ နေ့ပွဲပြတာမို့ နေ့ခင်း ၁၂ နာရီ မိနစ် ၃၀ မပြဘဲ ညနေ ၄ နာရီမှ ပြပါမယ်ဆိုပြီး ရုပ်ရှင် ဇာတ်ကား (အိန္ဒိယဇာတ်ကားလား မသိပါ) ပြမယ့်အချိန် နောက်ရွှေ့ ပေးထားရတာပါ။

နိုင်ငံကျော် စာရေးဆရာကြီးလေးယောက် တစ်ယောက်စီ တစ်နာရီ ကျော်ကျော်တွေချည်းသာ ဟောပြောသွားကြလေတော့ လေးနာရီထိုးပါ တော့မယ်။ ရုပ်ရှင်ကြည့်မယ့် ပရိသတ်တွေကလည်း အပြင်မှာစုပြုံနေ တော့ ကျွက်စီကျွက်စီဖြစ်နေပေါ့။ စာရေးသူအလှည့်ရောက်တော့ ရှေ့ကဆရာကြီးတွေက "အားနာကြောင်း၊ ပြောသာပြောပါ" အားပေး နေတော့ ၁၅ မိနစ်နဲ့ ပရိသတ်ငြိမ်အောင် (ခက်ခဲပေမယ့် လုပ်စရာက ဒါပဲရှိတယ်) ဟာသတွေနဲ့ရအောင် ထိန်းမယ်ဆိုပြီး အင်္ဂလိပ်စာ ကြိုးစားကြပါ။ လူငယ်များဟာ နိုင်ငံတကာအထိ အမြော်မြင်ရှိရှိ ဆက်ဆံဆက်သွယ်ကြရတဲ့အခါ အိမ်နီးနားချင်း ကုန်သည် အရောင်း အဝယ်ချင်းမှာတောင် ဘာသာစကားကျွမ်းကျင်သူက တစ်ပန်းသာတာ လက်တွေ့မဟုတ်လားစသဖြင့် အခြားဘာသာစကားမတတ်ရင် ကြုံရတတ်တဲ့ ဟာသတွေနဲ့ပွဲကျအောင် ဆွဲလှုပ်လိုက်တာ အပြင်က ရုပ်ရှင်ကြည့်ဖို့ လက်မှတ်ဝယ်ပြီး စောင့်နေကြတဲ့ ပရိသတ်ပါ ရုံထဲစုပြုံ ဝင်လာကြပါလေရော။ တားလို့မရ။ ဟောပြောပွဲပြီးမှ ရုံခါ အားလုံး အပြင်ထုတ်ပေါ့။

ကြားရခဲ့တဲ့ ဆရာကြီးများက သုတ ရသ မျှပြီး ဇာတ်လမ်းဇာတ်ကွက် တွေ ဟောပြောတာကလည်း အလွန်ကောင်း၊ နောက်ဆုံးပိတ် ရသမျှ အချိန်လေး ဟာသ ရယ်စရာ မောစရာ စိတ်ရွှင်မြူးစရာတွေချည်း ရွေးပြီး တန်းစီဟောပြောလိုက်တာ တစ်ပွဲလုံးအတွက် လမိုင်းအကပ်ဆုံးဖြစ် အောင် နိဂုံးချုပ်နိုင်ခဲ့ပါတယ်။

ဟောပြောသူအချို့ဟာ ပြောချိန်အတိုအရှည်ကို ရှည်ရှည်ပြောချင် တတ်တယ်။ ရှေ့ဆုံး၊ နောက်ဆုံးဆို မနေချင်တတ်ဘူး။ ရှေ့ထွက်က ပရိသတ်ငြိမ်အောင် အဦးဆုံး စခင်းရတော့ ခက်တယ်။ ငြိမ်အောင် မထိန်းတတ်ရင် မျောနေတတ်တယ်။

နောက်ဆုံးကိုလည်း နောက်ပိုင်းဇာတ်ကြီးကသလိုပဲ ငြီးငွေ့လေးလံ နေပြီဖြစ်တဲ့ ပရိသတ်ကို စိတ်ခံစားမှု ငိုအောင် ရယ်အောင် ဆွဲဆောင်ရ တာ လေးလံလှတယ်။ မလွယ်ဘူး။ ဟောပြောနေတဲ့ စင်ပေါ်ကလူကို ဘယ်သူမှ အားမနာဘူး။ အစုလိုက်၊ အပြုံလိုက် ထ ထ ပြန်ကုန်ကြတာ ပဲ။ မထနိုင်အောင် သံလိုက်ဓာတ်နဲ့ ဆွဲကပ်ထားသလို ငြိနေအောင် အဆက်မပြတ် ရသမော်နဲ့ ဖမ်းစားနိုင်ရမယ်။

ဟောခြင်းပြောခြင်းအတတ်ကို တကယ်တမ်း အကဲဖြတ်အမှတ်ပေး ဆုံးဖြတ်သူက ပရိသတ်ပါပဲ။ ပရိသတ်အကဲကို ဖမ်းတတ်ရမယ်။ ပရိသတ် နှစ်သက်သဘောကျလောက်တာတွေနဲ့ ဆွဲထားတတ်ရမယ်။ မိမိပေးချင်တဲ့ အကြောင်းအရာက စာတစ်စောင်ဆိုပါစို့။ ပရိသတ်ကိုပေး တဲ့ စာအိတ်က ပန်းနုရောင် ချစ်စရာလေး၊ ပန်းရနံ့ရေမွှေးလေးလဲ သင်းသင်းကြိုင်ကြိုင်နဲ့ ကြည်နူးစရာလေး ဖြစ်ပါစေ။

## နိုင်ငံတကာ သတင်းများ

# တာဂျစ်ကစ္စတန်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ ကတိပြု



**ဒူရှန်ဘီ နိုဝင်ဘာ ၂၃**

တာဂျစ်ကစ္စတန်နိုင်ငံမှ အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ဝယ်ယူတင်သွင်းမှုကို မြှင့်တင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့ ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့ ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဒူရှန်ဘီမြို့တော်၌ နိုဝင်ဘာ ၂၂ ရက်တွင် တာဂျစ်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဆီရိုဂျီဒင်မူရစ်ဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် တာဂျစ်ကစ္စတန်နိုင်ငံ၏ ကိုးစားယုံကြည်ရသည့်၊ အားပြုနိုင်သည့် မိတ်ဖက်နိုင်ငံအဖြစ် ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း တာဂျစ်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်(တိုင်ပေ)ကိစ္စအပါအဝင် တရုတ်နိုင်ငံ၏ ပင်မအကျိုးစီးပွားများကို ထောက်ခံမှုပေးထားသည့်အတွက် တာဂျစ်ကစ္စတန်နိုင်ငံကို ကျေးဇူးတင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် တာဂျစ်ကစ္စတန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး တရုတ်ကုမ္ပဏီများကို တိုက်တွန်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ကတိပြုထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုကြောင့် နယ်သာလန်လေဆိပ် နှစ်နာရီကြာ ပိတ်ခဲ့ရ

**အမ်စတာဒမ် နိုဝင်ဘာ ၂၃**

လေဆိပ်ဝန်းကျင် ဧရိယာအတွင်း မောင်းသူမဲ့လေယာဉ် ပျံသန်းမှုများ ထောက်လှမ်းတွေ့ရှိခဲ့ပြီးနောက် နယ်သာလန်နိုင်ငံ အိုင်ဟိုဗင်လေဆိပ်၌ နိုဝင်ဘာ ၂၂ ရက်က လေဆိပ်လုပ်ငန်းများ နာရီအနည်းငယ်ကြာ ရပ်တန့်ခဲ့ရကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများတွေ့ရှိခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက်တွင် အိုင်ဟိုဗင်လေဆိပ် လုပ်ငန်း လည်ပတ်မှုများကို နှစ်နာရီကြာရပ်ထားခဲ့ရပြီးနောက် ပိုင်းတွင် ပြန်လည်စတင်နိုင်ခဲ့ကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၂၂ ရက် ညပိုင်းကလည်း ဗောလ်ကယ်လ်မြို့ လေတပ်စခန်းတစ်ခု၏ ကောင်းကင်ယံတွင် ပျံသန်းနေသည့် မောင်းသူမဲ့လေယာဉ်များကို နယ်သာလန်တပ်မတော်က ပစ်ချခဲ့ရသည်။

အိုင်ဟိုဗင် လေဆိပ်သည် အရပ်ဘက်နှင့် တပ်မတော် နှစ်မျိုးသုံး လေဆိပ်ဖြစ်ကြောင်း နယ်သာလန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။


မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများကြောင့် နိုဝင်ဘာ ၂၂ ရက်တွင် အိုင်ဟိုဗင်လေဆိပ်၏ အရပ်ဘက်နှင့် တပ်မတော်ဘက်မှ လေယာဉ်အဝင်၊ အထွက်အားလုံး ယာယီရပ်တန့်ခဲ့ရကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့် လများအတွင်း မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများနှင့် အခြားဝေဟင်ကျူးကျော်မှုများကြောင့် ဥရောပတစ်လွှားရှိလေဆိပ်များ ကသောင်းကနင်းဖြစ်ခဲ့ရကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# တရုတ်ဈေးကွက်သို့ အီတလီကုမ္ပဏီများဝင်ရောက်မှုကို ကြိုဆိုကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်း ပြောကြား

**ဂျိုဟန်နက်စဘတ် နိုဝင်ဘာ ၂၃**



တရုတ်နိုင်ငံ ဈေးကွက်အတွင်း အီတလီကုမ္ပဏီများ ပိုမိုဝင်ရောက်လာမှုကို မိမိတို့အနေဖြင့် ကြိုဆိုကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်း က နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အီတလီနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမည့် တရုတ်ကုမ္ပဏီများအတွက်လည်း အီတလီနိုင်ငံအနေဖြင့် မျှတ၍ ခွဲခြားမှုမရှိသော ပတ်ဝန်းကျင်မျိုး ဖန်တီးပေးနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ထားကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မီလိုနီနှင့် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်ဝန်ကြီးချုပ်က ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ဝန်ကြီးချုပ်လီချန်းနှင့် အီတလီဝန်ကြီးချုပ် မီလိုနီတို့သည် ဂျီ၂၀ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ဂျိုဟန်နက်စဘတ်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

အီတလီနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံမှု ကောင်းမွန်သည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထို့ပြင် အီတလီနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် လမ်းအစီအစဉ်တွင် ပါဝင်ရေးအတွက် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ဖူးသော ပထမဆုံး ဥရောပသမဂ္ဂနိုင်ငံလည်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်ကို အစိုးရ၏ တရားဝင်မူဝါဒဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်သည် အမေရိကန်အစိုးရ၏ တရားဝင်မူဝါဒဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက နိုဝင်ဘာ ၂၂ ရက်က ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဆွေးနွေးနေကြသည့် ယူကရိန်း ငြိမ်းချမ်းရေးအစီအစဉ်မှာ ရုရှားနိုင်ငံ၏ တောင်းဆိုချက်စာရင်းမျှသာဖြစ်ကြောင်း အမေရိကန် အထက်လွှတ်တော်အမတ်အုပ်စုတစ်စုက ပြောကြားခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ထိုကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်၏ အချက် ၂၈ ချက်ပါ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်သည် အမေရိကန်အစိုးရက ရေးဆွဲထားသော တရားဝင်မူဝါဒဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ၎င်း၏ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားထားသည်။

အဆိုပါ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်တွင် ရုရှားထိန်းချုပ်ထားသောနယ်မြေများကို စွန့်လွှတ်ပေးရန်၊ ယူကရိန်းစစ်အင်အားကန့်သတ်ချက်ကို လက်ခံရန်နှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)၌ပါဝင်ရေး ရည်မှန်းချက်ကိုစွန့်လွှတ်ရန် ယူကရိန်းအစိုးရကို တိုက်တွန်းထားသည်။

အဆိုပါတောင်းဆိုချက်များသည် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ရုရှားနိုင်ငံက တောင်းဆိုထားသည့် အဓိကတောင်းဆိုချက်များဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ယူကရိန်း ငြိမ်းချမ်းရေးအစီအစဉ်သည် ယူကရိန်းပဋိပက္ခ၏ အဖြေကိုရှာဖွေရာတွင် အခြေခံဖြစ်လာနိုင်သည်ဟု ရုရှားသမ္မတ ပူတင်က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# တိုက်တန်းနစ်ခရီးသည်ပိုင် ရွှေအိတ်ဆောင်နာရီကို စတာလင်ပေါင် တစ်သန်းကျော်ဖြင့် ရောင်းချနိုင်ခဲ့

**လန်ဒန် နိုဝင်ဘာ ၂၃**

တိုက်တန်းနစ်သင်္ဘော နစ်မြုပ်မှုအတွင်း ရေနစ်သေဆုံးခဲ့ရသော သက်ကြီးပိုင်း ဇနီးမောင်နှံ နှစ်ဦးပိုင်ဆိုင်ခဲ့သည့် ရွှေအိတ်ဆောင်နာရီကို နိုဝင်ဘာ ၂၂ ရက်တွင် ဗြိတိန်နိုင်ငံ၌ လေလံတင်ရောင်းချခဲ့ရာ စတာလင်ပေါင် ၁ ဒသမ ၇ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ၁၈ ကာရက် ရွှေသား အိတ်ဆောင်နာရီကို တိုက်တန်းနစ်သင်္ဘော၏ ပထမတန်းခရီးသည်တစ်ဦးဖြစ်သည့် အိုင်ဆီဒါစထရပ်စ်အမည်ရှိ ခရီးသည်တစ်ဦး ပိုင်ဆိုင်သည့် ရွှေသား အိတ်ဆောင်နာရီဖြစ်သည်။

အိုင်ဆီဒါစထရပ်စ်နှင့် ဇနီးဖြစ်သူ အီဒါတို့သည် တိုက်တန်းနစ်သင်္ဘောနစ်မြုပ်စဉ် တစ်ဦးနှင့်တစ်ဦး စွန့်ခွာခြင်းမရှိဘဲ သင်္ဘောပေါ်မှာပင် အသေခံခဲ့ကြသည့် ဇနီးမောင်နှံဖြစ်သည်။





နိုဝင်ဘာ ၂၂ ရက်တွင် လေလံတင်ရောင်းချခဲ့သည့် ရွှေသား အိတ်ဆောင်နာရီသည် အိုင်ဆီဒါစထရပ်စ် ၁၈၈၈ ခုနှစ်တွင် အသက် ၄၈ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ရရှိခဲ့သော အိတ်ဆောင်နာရီဖြစ်သည်။

တိုက်တန်းနစ် သင်္ဘောသည် အင်္ဂလန် ဆောက်သမ်ပတန် ဆိပ်ကမ်းမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ မောင်းနှင်နေစဉ် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် နစ်မြုပ်ခဲ့ရာ လူဦးရေ ၁၂၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့




**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို နိုဝင်ဘာ ၂၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၂ ရက် စတားလင့်ခ်မစ်ရှင်သည် ယခုနှစ်အတွင်း ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သော အကြိမ် ၂၀ မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ထိပ်ဖူးယာဉ်ကမှု လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ မစ်ရှင်ပေါင်း ၁၄၉ ခုထိ လွှတ်တင်ထားပြီးဖြစ်ရာ ၉၀ ကျော်တို့မှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံကို အဆင့်မြှင့်တင်တည်ဆောက်ရန် စီစဉ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံကို အဆင့်မြှင့်တင်တည်ဆောက်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၂ ရက်သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံ၏ ဒုတိယမြောက် မစ်ရှင်ကို လွှတ်တင်ပြီးနောက် ပင်မဒုံးပျံကို အဆင့်မြှင့်တင်ရန် စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် စပေ့အိတ်၏ စူပါဟဲဗီးဒုံးပျံကဲ့သို့ အကြီးစား New Glenn ဒုံးပျံ တစ်မျိုးကိုလည်း တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ စူပါဟဲဗီးဒုံးပျံ New Glenn ဒုံးပျံသစ်သည် အလေးချိန် မက်ထရစ်တန် ၇၀ ရှိသည့် အာကာသယာဉ်များနှင့် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ပြီးခဲ့သည့် သီတင်းပတ်က New Glenn ဒုံးပျံ၏ ဒုတိယမြောက် မစ်ရှင်အဖြစ် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE အာကာသယာဉ်နှစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့သည်။

အဆိုပါ New Glenn ဒုံးပျံသည် အလေးချိန် မက်ထရစ်တန် ၄၅ တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ထူးဆန်းသည့်ကျောက်တုံးတစ်တုံးကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ထူးဆန်းသည့် ကျောက်တုံးတစ်တုံးကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၂၂ ရက်သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အဆိုပါ ကျောက်တုံးကို ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်တုံးသည် အင်္ဂါဂြိုဟ်ပေါ်မှ ကျောက်တုံးမဟုတ်ဘဲ နေအဖွဲ့အစည်းတစ်နေရာမှ အင်္ဂါဂြိုဟ်ပေါ်သို့ ကျရောက်လာသော ဥက္ကာခဲတစ်မျိုးဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာသိပ္ပံပညာရှင်များ၏ လေ့လာချက်အရ အထက်ပါဥက္ကာခဲသည် သံနှင့်နီကယ်သတ္တုများ ပါဝင်မှုမြင့်မားသည့် ဥက္ကာခဲဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် သံနှင့်နီကယ်သတ္တုပါဝင်မှုမြင့်မားသော ကျောက်သားမျိုးကို ပါဆီးဗရင့်အနေဖြင့် တွေ့ရှိခဲ့ဖူးခြင်းမရှိရာ ၎င်းကျောက်တုံးသည် နေအဖွဲ့အစည်းတစ်နေရာမှ ရောက်ရှိလာသော ဥက္ကာခဲဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပါဆီးဗရင့်စ် အာကာသယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ခဲ့ပြီးနောက် ၎င်းဂြိုဟ်၏ ဘူမိဖွဲ့စည်းပုံများကို စူးစမ်းလေ့လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## နေ့စဉ်စီးကရက်နှစ်လိပ်ထိ ပုံမှန်သောက်ပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၂၃**

နေ့စဉ် စီးကရက်နှစ်လိပ် သောက်သုံးပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ နိုဝင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၃၀၀၀၀၀ ကျော်တို့၏ ဆေးလိပ်သောက်သုံးမှုပုံစံများကိုအချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ် စီးကရက် နှစ်လိပ်ထိ ပုံမှန်သောက်သုံးသော အမျိုးသား၊ အမျိုးသမီးများ၌ နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် တစ်ရက်လျှင် စီးကရက်နှစ်လိပ်ထိ သောက်သုံးသူများသည် ဆေးလိပ်လုံးဝမသောက်သူများနှင့်နှိုင်းယှဉ်ပါက နှလုံးရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ၆၀ ရာခိုင်နှုန်းပို၍မြင့်မားနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ စီးကရက်သောက်သုံးမှုသည် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ၊ လေဖြတ်မှုပြဿနာများနှင့်လည်း ဆက်စပ်နေကြောင်း၊ ဆေးလိပ် ဖြတ်ထားသူများသည် ဆေးလိပ်ဖြတ်ပြီး နှစ် ၂၀ ကြာမြင့်လာချိန်ထိတိုင် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနေဆဲဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အစားအစာ စားသုံးပုံ ဖောက်ပြန်မှုများကြောင့် ရုပ်နှင့်စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၂၃**

အစားအစာစားသုံးမှု ဖောက်ပြန်မှုများကြောင့် ရုပ်နှင့်စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၂၂ ရက်သတင်းများအရ သိရသည်။

ကိုယ်အလေးချိန်ကို လျှော့နိုင်သမျှ လျှော့ချရေးအတွက် ကယ်လိုရီစားသုံးမှုကို အပြင်းအထန်ကန့်သတ်မှု (Anorexia) နှင့် အလွန်အကဲစားသုံးတတ်မှု (Binge eating) ကဲ့သို့ အစားစားသုံးပုံ ဖောက်ပြန်မှုပုံစံများကြောင့် ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါနှင့် အသည်းပျက်စီးခြင်းကဲ့သို့ ရုပ်ကျန်းမာရေးပြဿနာ ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေမှာ အစာစားသုံးပုံ ဖောက်ပြန်မှု ပြဿနာ ပေါ်ထွက်လာခဲ့ပြီး နောင်နှစ်အတန်ကြာထိ ပေါ်ထွက်လာနိုင်ခြေ မြင့်မားနေဆဲဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အစာစားသုံးပုံ ဖောက်ပြန်မှုပြဿနာများကြောင့် စိတ်ကျဝေဒနာအပါအဝင် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် အစားအစာစားသုံးပုံ ဖောက်ပြန်မှုပြဿနာရှိနေသူများသည် ရောဂါဘယများကြောင့် အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**






# မန်ယူတိုက်စစ်မှူးကွန်ဟာ ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်များလွဲချော်နိုင်ကြောင်း အသင်းထုတ်ပြန်

**မန်ချက်စတာ နိုဝင်ဘာ ၂၃**

မန်ယူအသင်း တိုက်စစ်မှူး ကွန်ဟာသည် နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ရခဲ့သောဒဏ်ရာကြောင့် လာမည့် ပွဲစဉ်များကို လွဲချော်နိုင်ကြောင်း Independent News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်ဟာသည် လေ့ကျင့်ရေး အစီအစဉ်တွင် ဖနောင့်ဒဏ်ရာရခဲ့ပြီး အသင်းအနေဖြင့် အသေးစိတ်ထုတ်ပြန်ခြင်း မရှိသော်လည်း နည်းပြ အာမိုရင်က အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ကွန်ဟာ၏ ဒဏ်ရာအခြေအနေကို စောင့်ကြည့်နေပြီး လာမည့် ပွဲစဉ်ကို မပါဝင်နိုင်သောကြောင့် အာမိုရင်က နည်းစနစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ မေဆင်မောင့်အပါအဝင် မိုင်နူးနှင့် ဇက်ခ်ဇီးတို့ကို ပထမဆုံး ပွဲထွက်လူစာရင်းတွင် အသုံးပြုမည်ဖြစ်သည်။

လက်ရှိ မန်ယူအသင်းတိုက်စစ်ပိုင်းတွင် ဆက်ကိုက ဒူးဒဏ်ရာကြောင့် ရက်သတ္တ သုံးပတ်ခန့် အနားယူရမည်ဖြစ်ကာ အမ်ဘူမိုနှင့်အာမက်ဒီယာလိုတို့သည်လည်း လာမည့် ဒီဇင်ဘာ ၇ ရက်မှစပြီး အာဖရိကဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စေလွှတ်ရမည်ဖြစ်သောကြောင့် ကွန်ဟာမပါသည့် တိုက်စစ်ပိုင်းကို နည်းပြအာမိုရင်က စိုးရိမ်လျက်ရှိသည်။

၎င်းသည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလက ဝုဗ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိခဲ့ပြီး နည်းပြအာမိုရင်၏ ကစားကွက်ပိုင်းတွင် အဓိက ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

**Ref : Independent News**

**Trs : ML**



# ဘီနာဗီဒက်ဇ်က WBC ၊ WBA လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့

**ရီယက်ဒ် နိုဝင်ဘာ ၂၃**

WBC၊ WBA လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ဘီနာဗီဒက်ဇ်နှင့် စိန်ခေါ်သူ အင်္ဂလန်လက်ဝှေ့သမား အန်တိုနီယက်ဒီတို့ ယနေ့တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ထိုးသတ်ခဲ့ရာ ဘီနာဗီဒက်ဇ်က ခုနစ်ချီမြောက်တွင် ဒိုင်ပွဲရပ် ရလဒ်ဖြင့် အနိုင်ရကာ လက်ရှိ ချန်ပီယံဆုများကို ကာကွယ်နိုင်ခဲ့ကြောင်း Fight Mag သတင်းဌာနက ဖော်ပြခဲ့သည်။



ဘီနာဗီဒက်ဇ်သည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားခဲ့ပြီး လိုက်ဟဲဗီးဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်း ချန်ပီယံဆုကို ဆွတ်ခူးရန် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

ဘီနာဗီဒက်ဇ်သည် ယှဉ်ပြိုင်ရခက်ခဲသည့် ပြိုင်ဘက်တစ်ဦးဖြစ်ပြီး အရည်အသွေးကောင်းများ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အန်တိုနီယက်ဒီက ချီးကျူးပြောကြားခဲ့သည်။

အန်တိုနီယက်ဒီက "ဒီပွဲစဉ်မှာ ကျွန်တော် အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဘီနာဗီဒက်ဇ်က တကယ့်ကို အနိုင်ယူဖို့ခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ ပွဲစဉ်အတွင်းမှာ သူ ကျွန်တော့်ကို သုံးကြိမ်တိုင်တိုင် ထိအောင်ထိုးနိုင်ခဲ့တယ်။ သုံးကြိမ်လုံးကလဲ ချက်ကောင်းတွေပဲထိခဲ့တာပါ။ သူ့ရဲ့ထိုးချက်တွေက မြန်ဆန်တယ်။ စိတ်မကောင်းစရာ ရလဒ်မျိုးနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့လဲ အကောင်းဆုံးပုံစံနဲ့ ကျွန်တော် ပြန်လာခဲ့ပါမယ်" ဟု ပြောကြားခဲ့သည်။

ဘီနာဗီဒက်ဇ်က "ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ နောက်ထပ် ချန်ပီယံ ခါးပတ်တွေအတွက် ပြင်ဆင်သွားပြီးတော့ လာမဲ့စိန်ခေါ်ပွဲကို ခရူဆာဝိတ်တန်းမှာ ထိုးသတ်သွားဖို့ စီစဉ်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**

**Trs : AZL**

# နယူးကာဆယ်အသင်းသမိုင်းတွင် မန်စီးတီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူခဲ့သည့်ကစားသမားအဖြစ် ဟာဗေးဘားနက် မှတ်တမ်းဝင်

**လန်ဒန် နိုဝင်ဘာ ၂၃**

နယူးကာဆယ်အသင်း တောင်ပံတိုက်စစ်ကစားသမား ဟာဗေးဘားနက်သည် နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီး အသင်းသမိုင်း တစ်လျှောက်အလန်ရှီးယားနောက်ပိုင်းတွင် မန်စီးတီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုး သွင်းယူခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းက အိမ်ကွင်းတွင် မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၆၃ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ဟာဗေးဘားနက်က အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူခဲ့သည့် ကစားသမားအဖြစ် ၂၀၀၃ ခုနှစ်က အသင်းဂန္ထဝင်ကစားသမား အလန်ရှီးယားက မှတ်တမ်းဝင်ခဲ့ပြီးနောက် ၂၂ နှစ်ကြာမှသာ ဟာဗေးဘားနက်က မန်စီးတီးအသင်းဘက်သို့ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဟာဗေးဘားနက်သည် ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၈ ပွဲတွင် လေးဂိုး သွင်းယူပြီး ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : TNT Sports**

**Trs : STA**

# CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို သီတီကူလ်က ဦးဆောင်

**ဖလော်ရီဒါ နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ထိုင်းဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်သည့် အနန်နာရူကန်နှင့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်စီယန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား တတိယနေရာတွင် အသီးသီး ရပ်တည်နေသည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် သီတီကူလ်သည် တတိယနေ့တွင် Birdies ရိုက်ချက် ကိုးကျင်းထိ ရခဲ့သောကြောင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်များကို ရိုက်ချက် ခြောက်ချက်ထိ ကွာဟသွားစေခဲ့သည်။

သီတီကူလ်သည် ပြီးခဲ့သည့်နှစ်က CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ခဲ့သူဖြစ်ပြီး လက်ရှိ ချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်ကာ ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်လည်း အခြေအနေကောင်းကို ပိုင်ဆိုင်ထားသည်။

သီတီကူလ်က "ကျွန်မအနေနဲ့ လက်ရှိချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးထက် တစ်ရက်ချင်းစီမှာ ရလဒ်ကောင်းဖို့အတွက်ပဲ အာရုံစိုက်နေပါတယ်။ တစ်ကျင်းပြီးတစ်ကျင်း Birdies ရိုက်ချက်တွေရအောင်ပဲ ပစ်မှတ်ထားကစားနေပါတယ်။ တခြားပြိုင်ပွဲဝင်တွေကလဲ ကျွန်မလိုပဲ ရလဒ်ကောင်းတွေရအောင် ကြိုးစားနေကြတာတွေ့ရတယ်။ နောက်ဆုံးနေ့အပြီးမှာ ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- အယ်ချီအသင်းမှ ကွင်းလယ်ကစားသမား မန်ဒိုဇာကို စာချုပ်ဖျက်သိမ်းကြေး ၁၇ ဒသမ ၆ သန်းဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့က အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ဗီတင်ဟာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် တောင်ပံကစားသမား အိုလီဆီကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ရိုဒရီဂို၏နေရာတွင် အစားထိုးရန် ကြိုးပမ်းလျက်ရှိသည်။ **ML**

## Davis Cup ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အသင်းက ဂျာမနီအသင်းကို အနိုင်ရ




**ဘိုလော့ဂ်နာ နိုဝင်ဘာ ၂၃**

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့တွင် ကျင်းပနေသည့် Davis Cup ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက (၂-၁)ရလဒ်ဖြင့် အနိုင်ရပြီး ဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၁)အနေဖြင့် စပိန်အသင်းမှ ပါဘလိုနှင့် ဂျာမနီအသင်းမှ ဂျန်လန်နက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပါဘလိုက(၆-၄၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရကာ စပိန်အသင်းက (၁-၀)ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၂)အနေဖြင့် စပိန်အသင်းမှ မူနာနှင့် ဂျာမနီအသင်းမှဇီရက်ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဗ်က(၇-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့သောကြောင့်(၁-၁)ရလဒ်ဖြစ်ခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် နှစ်ယောက်တွဲပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

နှစ်ယောက်တွဲပွဲစဉ်အဖြစ် စပိန်အသင်းမှ မာဆယ်နှင့် ပက်ဒရိုတို့နှင့် ဂျာမနီအသင်းမှ ကီဗင်နှင့် တင်မ်ပွက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းမှ မာဆယ်နှင့် ပက်ဒရိုတို့အတွဲက (၆-၂ ၊ ၃-၆၊ ၆-၃)ရလဒ်ဖြင့်အနိုင်ရကာ ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

Davis Cup တင်းနစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုကို ခြောက်ကြိမ်ထိ ဆွတ်ခူးထားဖူးသည့် စပိန်အသင်းအနေဖြင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း ဖိုင်နယ်ပွဲအဆင့်ကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းခေါင်းဆောင် ဖာရာက "ကျွန်တော့်ကစားသမားတွေရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီးတော့ ဂုဏ်ယူမိပါတယ်။ ဖိုင်နယ်ပွဲအဆင့်ကို တက်ရောက်လာနိုင်အောင် သူတို့မှာရှိတဲ့ စွမ်းဆောင်ရည်တွေကို အပြည့်အဝ အသုံးချနိုင်ခဲ့တယ်။ ဖိုင်နယ်ပွဲအဆင့်ကို ပြန်လည် တက်ရောက်ခွင့်ရလာတဲ့အပေါ်မှာလဲ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

ဖိုင်နယ်ပွဲအဆင့်တွင် စပိန်အသင်းသည် လက်ရှိချန်ပီယံ အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

## နော်တင်ဟမ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြစလော့ကို ထုတ်ပယ်ရန် လီဗာပူးအသင်း ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၂၃**

လီဗာပူးအသင်းသည် နော်တင်ဟမ်အသင်းကို ဧည့်ခံကစားခဲ့သည့် အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြစလော့ကို ရာထူးမှ ထုတ်ပယ်ရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် နည်းပြစလော့သည် နည်းစနစ်ပိုင်းအားနည်းချက်များရှိခဲ့သောကြောင့် နော်တင်ဟမ်အသင်း၏ တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပွဲကစားချိန် ၃၃ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ပွဲအစ ၄၆ မိနစ်တွင် နော်တင်ဟမ်အသင်း၏ ဒုတိယမြောက်ဦးဆောင်ဂိုးကို ထပ်မံသွင်းယူခံရပြီးနောက် ချေပဂိုးရရှိရေးအတွက် နည်းပြစလော့က တိုက်စစ်ပိုင်း အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း နော်တင်ဟမ်အသင်းကသာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၇၈ မိနစ်တွင် ဂစ်ဗ်ဂိုက်က တတိယဦးဆောင်ဂိုး သွင်းယူခဲ့သဖြင့် လီဗာပူးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းသည် နော်တင်ဟမ်အသင်းနှင့်ကစားခဲ့သည့် နောက်ဆုံးနှစ်ကြိမ်လုံး ရှုံးပွဲကြုံခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ၁၈ မှတ်သာရခဲ့သောကြောင့် နည်းပြစလော့ကို ထုတ်ပယ်ရန် အသင်းတာဝန်ရှိသူများက စီစဉ်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## ပရီးမီးယားလိဂ်ပြိုင်ပွဲကို လာမည့်ဘောလုံးရာသီမှစတင်ပြီး ပုံမှန်ကျင်းပသည့်ကာလထက် ရက်သတ္တပတ်နောက်ကျပြီး ပြောင်းလဲကျင်းပမည်

**လန်ဒန် နိုဝင်ဘာ ၂၃**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် လာမည့် ၂၀၂၆- ၂၀၂၇ ဘောလုံးရာသီမှ စတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပုံမှန် ကျင်းပသည့်ကာလထက် ရက်သတ္တပတ် နောက်ကျပြီး ကျင်းပသွားမည်ဖြစ်ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ကာ ၄၈ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကစားသမားအများစု အနေဖြင့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွားရောက်ကစားရမည်ဖြစ်သောကြောင့် ကစားသမားများ နားရက် ပိုမိုရရှိစေရန် ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပုံမှန်ကျင်းပသည့်ကာလထက် တစ်ပတ်နောက်ကျပြီး ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်ကို လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲကိုလည်း ရက်သတ္တပတ် နောက်ကျကျင်းပမည်ဖြစ်သောကြောင့် ကစားသမားများ တစ်လကျော် နားရက်ရမည်ဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပုံမှန်အားဖြင့် ဩဂုတ်လ ဒုတိယရက်သတ္တပတ်တွင် စတင်ကျင်းပခဲ့ပြီး လာမည့်ဘောလုံးရာသီမှစ၍ ကစားသမားများ နားရက် ပိုမိုရစေရန် ဩဂုတ်လ တတိယရက်သတ္တပတ်ဖြစ်သည့် ၂၂ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ၂၀၂၇ ခုနှစ် မေ ၃၀ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

## ဘိုင်ယန်မြူးနစ်အသင်းသမိုင်းတွင် ၁၀ နှစ်အတွင်း တစ်ပွဲတည်းဂိုးဖန်တီးမှု သုံးကြိမ်နှင့် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်သည့်ကစားသမားအဖြစ် အိုလီဆီ မှတ်တမ်းဝင်

**ဘာလင် နိုဝင်ဘာ ၂၃**

ဘိုင်ယန်မြူးနစ်အသင်း သမိုင်းတွင် ၁၀ နှစ်အတွင်း တစ်ပွဲတည်း ဂိုးဖန်တီးမှု သုံးကြိမ်နှင့် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် အိုလီဆီက မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမန် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းက အိမ်ကွင်းတွင် ဖရိုင်းဘတ်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် အိုလီဆီသည် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အသင်းဖော်များဖြစ်သည့် လန်နက်ကာရယ်၊ အူပါမီကာနို၊




ဂျက်ဆင်တို့၏ သွင်းဂိုးများကို ဂိုးဖန်တီးမှု ပြုလုပ်ပေးခဲ့ပြီး ပွဲချိန် ၄၅ မိနစ်နှင့် ၈၄ မိနစ်တို့တွင်လည်း ကိုယ်တိုင် နှစ်ဂိုးသွင်းယူခဲ့သဖြင့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အိုလီဆီသည် ၂၀၂၄ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ တွင် ၁၇ ဂိုးထိ သွင်းယူပြီး ဂိုးဖန်တီးမှု ၁၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ အိုလီဆီသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနေပြီး ပြိုင်ပွဲစုံ ၂၃ ပွဲတွင် ၁၀ ဂိုး သွင်းယူခဲ့ကာ ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## မေဂျာလိဂ်ပြိုင်ပွဲ(အနောက်ပိုင်းဇုန်) ဖိုင်နယ်ပွဲအဆင့်သို့ ဗန်ကူဗာအသင်း တက်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

မေဂျာလိဂ်ပြိုင်ပွဲ(အနောက်ပိုင်းဇုန်) ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဗန်ကူဗာအသင်းနှင့် အယ်လ်အေအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဗန်ကူဗာအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ပြီး ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဗန်ကူဗာအသင်းတွင် သောမတ်မူလာ ပါဝင်ကစားခဲ့ပြီး အယ်လ်အေအက်ဖ်စီအသင်းတွင် ဆွန်ယောင်မင် ပါဝင်ကစားခဲ့ရာ ပွဲစကတည်းက အပြန်အလှန် ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၄၀ တွင် ဆက်ဘီ၊ ပွဲချိန် ၄၅ မိနစ်တွင် လာဘော်ဒါတို့က ဗန်ကူဗာအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၆၀ နှင့် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ငါးမိနစ်တို့တွင် ဆွန်ယောင်မင်က အယ်လ်အေအက်ဖ်စီအသင်း အတွက် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် အချိန်ပို ဆက်လက်ကစားခဲ့ရာတွင်လည်း နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာ ဗန်ကူဗာအသင်းက အိုကန်ပိုတစ်ဦးတည်းသာ လွဲချော်ပြီး အယ်လ်အေအက်ဖ်စီ အသင်းတွင် ဆွန်ယောင်မင်နှင့်အတူ ဒယ်ဂါဒိုတို့ ပင်နယ်လွဲချော်ခဲ့သောကြောင့် ဗန်ကူဗာအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

**မောင်တာဖ(ယောမြေ)**

မြန်မာနိုင်ငံသည် ပထဝီအနေအထား အားသာချက်ရှိသော အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ အမျိုးအစားစုံလင်သည့် ရေမြေတောတောင် ဥတုရာသီများရှိပြီး အဖိုးတန်သဘာဝသယံဇာတ ဓာတ်သတ္တုတွင်းထွက်ပစ္စည်းများ ပေါ်ကြွယ်ပြီး အဖိုးတန်သစ်ဝါးမျိုးစုံတို့လည်း ပေါက်ရောက်ရှင်သန်လျက်ရှိသည်။ မြေဆီမြေလွှာ ကောင်းမွန်သဖြင့် နှစ်ရှည်သီးနှံပင်များသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ကဲ့သို့သော ရာသီသီးနှံများကိုပါ အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းနိုင်ပေသည်။ ထို့ပြင် သယံဇာတကြွယ်ဝသော ပင်လယ်ကမ်းရိုးတန်းကိုလည်း ရှည်လျားစွာပိုင်ဆိုင်ထားသည်။

နိုင်ငံတော်အနေဖြင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်မှ ကုန်ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးရှိဖြစ်ထွန်းမည့် စိုက်ပျိုးရေးနှင့် အခြားသော ကုန်ထုတ်လုပ်မှုများကို အခြေခံသော MSME စီးပွားရေးစနစ်သို့ကူးပြောင်းရန် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းရည်မှန်းချက် ပြည့်ဝစေရန်အတွက် စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားနှင့် အခြားသော ကုန်ထုတ်လုပ်မှုလုပ်ငန်းအသီးသီး၏ ထုတ်ကုန်များကို အရည်အသွေးအဆင့်မီစွာ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏ အားသာချက်အရှိဆုံးဖြစ်သော စိုက်ပျိုးရေးကဏ္ဍတွင် အခွင့်အလမ်းကောင်းများစွာ ပိုင်ဆိုင်ထားသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရန်အတွက် စရိတ်သက်သာသည့် သဘာဝရေပေးဝေရေးစနစ်များအပြင် ဆိုလာစွမ်းအင်ဖြင့် လည်ပတ်မောင်းနှင်သည့်စနစ်နှင့် စက်ကိရိယာများ ဖြန့်ဖြူးလုပ်ဆောင်ပေးခြင်း၊ စိုက်ပျိုးရေးစက်ပစ္စည်းနှင့်ကိရိယာများ ငှားရမ်းပေးခြင်း၊ ဆန်စပါး အထွက်တိုးစေရေးအတွက် အဆင့်မြင့်မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ ဆန်စပါးပေါင်းစည်းထုတ်လုပ်ခြင်းအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့်ပူးပေါင်း၍ ပိုမိုမြင့်မားသော ကုန်ထုတ်စနစ်များဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်နီးနွယ်လျက်ရှိသော လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက် တိုးတက်ပြောင်းလဲခြင်းကို ဆောင်ရွက်ပေးနိုင်ပေသည်။

နိုင်ငံတော်အနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်းနှင့် သီးနှံကာကွယ်ရေးဆိုင်ရာ ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ ကန်ထရိုက် လယ်ယာစနစ်ဖော်ဆောင်ရန် မိတ်ဖက်သဘောတူစာချုပ်များအပေါ်အခြေခံ၍ ကျေးလက်နေ ပြည်သူများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအောင်မြင်မှုအပေါ် မူတည်၍ တန်ဖိုးမြင့် အရည်အသွေးမီ လယ်ယာထွက်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဒေသန္တရစိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် မြေပဲ၊ နှမ်း၊ ကော်ဖီ၊ ရော်ဘာ စသည့်နှစ်ရှည်၊ နှစ်တို ရာသီထွက်ကုန်များကိုအခြေခံသည့် ထုတ်လုပ်မှုများ မြှင့်တင်လုပ်ဆောင်စေရန် ပံ့ပိုးကူညီတွန်းအားပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ဈေးကွက်အရည်အသွေးမီသည့် တန်ဖိုးမြင့် လယ်ယာထွက်ကုန်ပစ္စည်းများ ထုပ်ပိုးခြင်းနှင့် စည်သွတ်ဘူးထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနများနှင့် သင်တန်းကျောင်းများ ဖော်ဆောင်ခြင်း၊ စုပေါင်းလယ်ယာစနစ်အတွက် စံပြစိုက်ခင်း၊ စိုက်ကွက်များ ဖော်ထုတ်ခြင်း၊ ရာသီအလိုက်သီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးစေခြင်းနှင့် အဝယ်ဒိုင်များ ဖော်ဆောင်ပေးခြင်း၊ မြေဩဇာစနစ်တကျအသုံးပြုတတ်စေရန် ပညာပေးခြင်း၊ တန်ဖိုးမြင့် အော်ဂဲနစ်သီးနှံ စိုက်ပျိုးရေးစနစ်ထူထောင်စေခြင်းနှင့် သီးသန့်ဈေးကွက် ဖော်ဆောင်ပေးခြင်း၊ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် စီးပွားရေးစွမ်းရည်များဖွံ့ဖြိုးရေး လုပ်ငန်းဌာနများ တည်ထောင်ခြင်း၊ လိုအပ်လာမည့် သိုလှောင်ရုံနှင့် အအေးခန်းများ တည်ဆောက်ခြင်းတို့ကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်သည်။ ထို့ပြင် အခြေခံတောင်သူလယ်သမားများအတွက် အသေးစားချေးငွေ၊ အာမခံနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဖော်ဆောင်ပေးရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းမှာ ဘင်္ဂလားပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့တို့နှင့်ဆက်စပ်လျက်ရှိရာ ကမ်းရိုးတန်းဒေသနေ ပြည်သူများနှင့် ရေလုပ်ငန်း စီးပွားရေးလုပ်ငန်းရှင်များ ထူးခြားအရေးပါသည့် အခွင့်အလမ်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရေပြင်အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်းလုပ်ဆောင်လျက်ရှိပြီး ငါးနှင့်ရေထွက်လုပ်ငန်းများအတွက် ရေချိုငါးကန်များတွင်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ကမ်းနီး၊ ကမ်းဝေး ရေထွက်ကုန်နှင့်သားငါးမွေးမြူထုတ်လုပ်ခြင်းကဏ္ဍ၌ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်သည့် အလားအလာများစွာ ပိုင်ဆိုင်ထားပေသည်။

ပင်လယ်ရေထွက်နှင့် သားငါးကဏ္ဍအခွင့်အလမ်းများတွင် တိုးချဲ့လုပ်ဆောင်နိုင်သည့် လုပ်ငန်းများအနေဖြင့် ငါးနှင့် ရေချို၊ ရေငန် ပုစွန် သားဖောက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ၊ ငါးနှင့် ပင်လယ်ရေထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ၊ ငါးလုပ်ငန်းဆိုင်ရာ အစားအစာထုတ်လုပ်သည့်လုပ်ငန်းများ၊ အအေးခန်း၊ စည်သွတ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများ၊ ငါးလုပ်ငန်းအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ပညာရေးနှင့်သုတေသနဌာနသင်တန်းကျောင်း ထူထောင်သည့် လုပ်ငန်းများဖြစ်သည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား တည်ရှိခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ မဟာဗျူဟာကျသည့် ဈေးကွက်ကို တိုက်ရိုက်ပါဝင်နိုင်ခြင်း စသည့်အချက်များကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် ဈေးကွက်ရှာဖွေဖန်တီးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနယ်ပယ်၌ အခွင့်အလမ်းကောင်းများ ဖန်တီးရယူနိုင်ခြင်းတို့ ပိုင်ဆိုင်ထားပေးသည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလုပ်သမားလုပ်ခလစာစရိတ် နည်းပါးခြင်း၊ သဘာဝသယံဇာတ ပေါ်ကြွယ်ဝခြင်းတို့ကြောင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားလျက်ရှိနေသည်။

သတ္တုတူးဖော်ရေးကဏ္ဍသည်လည်း သဘာဝသယံဇာတ ဓာတ်သတ္တုတွင်းထွက်ပစ္စည်းများ ပေါ်ကြွယ်ဝသော မြန်မာနိုင်ငံအတွက် ကုန်ထုတ်လုပ်မှု အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားလျက်ရှိသည်။

**❖ မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် နိုင်ငံ့စီးပွားရေးစွမ်းအားကို မြှင့်တင်ကြရာ၌ စက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံခြင်းဖြစ်သည်။ မိမိတို့နိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME စီးပွားရေးလုပ်ငန်းများမှ တန်ဖိုးမြင့်စက်မှုထုတ်ကုန်ပစ္စည်းများ မြှင့်တင်ထုတ်လုပ်သွားရမည်ဖြစ်သည်။ ❖**

သတ္တုတူးဖော်ရေးကဏ္ဍ အဓိကအခွင့်အလမ်းများတွင် အကြီးစား၊ အလတ်စားနှင့် အသေးစား ဓာတ်သတ္တုများတူးဖော်ခြင်း၊ သဘာဝသယံဇာတအပေါ်အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။ ဓာတ်သတ္တုတူးဖော်ရေး အထောက်အကူလုပ်ငန်းများဖြစ်သည့် စက်ယန္တရားများကို ငှားရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်း၊ ထိန်းသိမ်းပြုပြင်မှုနှင့် ဝန်ဆောင်မှုပြုသည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်သည်။ ဓာတ်သတ္တုများတူးဖော်ခြင်းလုပ်ငန်းများကို ပိုင်နိုင်စွာလုပ်ကိုင်နိုင်စေရန် သုတေသနပြုမှုနှင့် ကျွမ်းကျင်လုပ်သားမွေးထုတ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည်။ ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ပြန့်လာပါက ထိုလုပ်ငန်းများနှင့် ပတ်သက်နီးနွယ်သော ပညာရှင်များနှင့် အခြေခံလုပ်သားများစွာတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာကိုလည်း ဖန်တီးပေးလာနိုင်မည်ဖြစ်သည်။

သစ်တောသယံဇာတပေါ်ကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ကျွန်းသစ်၊ သစ်မာနှင့် အခြား သစ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဦးဆောင်နိုင်သည့် နိုင်ငံတစ်ခု ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် သစ်တောများရေရှည်တည်တံ့မှုကို ထိခိုက်စေသည့် သစ်တောထွက်ကုန်ထုတ်လုပ်မှုများကိုရှောင်ရှားရေးအတွက် နိုင်ငံတော်အစိုးရ၏ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ရေရှည်ထိန်းသိမ်းရေးစည်းကမ်းချက်များနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးအရ ရေရှည်တည်တံ့ရေးအတွက် သစ်တောများပြန်လည်ထိန်းသိမ်းစိုက်ပျိုးသည့် လုပ်ငန်းမှာမူ မဖြစ်မနေလုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ၎င်းကဏ္ဍ၌ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများအဖြစ် တိုးချဲ့လုပ်ဆောင်နိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသည်။ သစ်အခြေခံစက်မှုလုပ်ငန်းကဏ္ဍ၏ အခွင့်အလမ်းများမှာ လွန်စွာကျယ်ပြန့်ကောင်းမွန်ပေသည်။ အဓိကကျသော အခွင့်အလမ်းများတွင် သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်သည့် ပရိဘောဂ စက်ရုံများတည်ထောင်ခြင်း၊ ဝါးသစ်တောနှင့် ဝါးအခြေခံ လူသုံး၊ ရုံးသုံးပရိဘောဂ ထုတ်လုပ်မှုများ၊ ဝါးအသုံးပြု လက်မှုပညာလုပ်ငန်းများ၊ ရော်ဘာအခြေခံစက်မှုလက်မှုလုပ်ငန်းများ၊ စန္ဒကူးနံ့သာ၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ မြန်မာ့သနပ်ခါး ထုတ်လုပ်သည့် လုပ်ငန်းများပါဝင်သည်။

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် နိုင်ငံ့စီးပွားရေးစွမ်းအားကို မြှင့်တင်ကြရာ၌ စက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံခြင်းဖြစ်သည်။ မိမိတို့နိုင်ငံမှာ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME စီးပွားရေးလုပ်ငန်းများမှ တန်ဖိုးမြင့်စက်မှုထုတ်ကုန်ပစ္စည်းများ မြှင့်တင်ထုတ်လုပ်သွားရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးစွမ်းအား မြင့်မားလာသည်နှင့်အမျှ နိုင်ငံ့ကာကွယ်ရေးစွမ်းအားနှင့် နိုင်ငံရေးစွမ်းအားတို့ ခိုင်မာတောင့်တင်းလာမည်ဖြစ်ပြီး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"ဟူ၍ ပါရှိသည်။ ကမ္ဘာ့စီးပွားရေးဈေးကွက်များ အခင်းအကျင်းနှင့် အခွင့်အလမ်းများအပေါ်သုံးသပ်၍ မိမိတို့နိုင်ငံ၏ စီးပွားရေး အားသာချက်အခြေခံကောင်းများကို မဏ္ဍိုင်ပြုလျက် MSME စီးပွားရေးလုပ်ငန်းများကို အားပေးကာ ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေး ဦးတည်ချက်ထားကာ လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိသည်။ "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ"၏နယ်ပယ်မှာကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေးစက်ရုံများထိ အကျုံးဝင်သည်ဟုလည်း တွေ့ရှိရသည်။

ထို့ကြောင့်ပင် ပြည်တွင်း MSME လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် MSME စီးပွားရေးလုပ်ငန်းအသီးသီး၏ သွင်းကုန်အစားထိုး ပြည်ပပို့ကုန်များကို တိုးတက်ထုတ်လုပ်ခြင်းအပြင် အရည်အသွေးပြည့်မီသော ထုတ်ကုန်အမျိုးအစားသစ်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် မိမိတို့အကျိုးစီးပွားနှင့် မိမိတို့ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို တက်ညီလက်ညီ ဝိုင်းဝန်းမြှင့်တင်ကာ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# The Chaperones ၌ မင်းသား ဘီလီဘားရက်၊ အဲဖရက်မိုလီနာနှင့် မင်းသမီး ဒန်နီယယ်ဒက်ဝီလာတို့ပါဝင်လာ





နယူးယောက် နိုဝင်ဘာ ၂၃

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Chaperones ဒရာမာရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဘီလီဘားရက်၊ အဲဖရက်မိုလီနာနှင့်မင်းသမီး ဒန်နီယယ်ဒက်ဝီလာ တို့လည်း ပါဝင်လာကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အဆိုပါ သရုပ်ဆောင် သုံးဦးသည် The Chaperones ဇာတ်ကား၌ မင်းသားဒေးဗစ်ဂျွန်ဆင်၊ ကူးပါးဟော့ဖ်မင်း၊ ပေါဒါနိုတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Chaperones ဇာတ်ကားသည် မူးယစ်ဆေးဝါးရောင်းချသူ တစ်ဦးနှင့် ဒုက္ခရောက်နေသော ကလေးတစ်ဦးကို ၎င်းတို့သွားရောက်ရမည့်နေရာသို့ပို့ဆောင်ရေး အတွက် ငှားရမ်းထားသည့် သူငယ်ချင်းနှစ်ဦးတို့အကြား အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Chaperones ဇာတ်ကားကို ဒါရိုက်တာ အင်ဒီးယားဒွန်နယ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း A 24 ကုမ္ပဏီက ကြေညာထားပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆီဘက်ရှန်ဘာလက်က ရေးသားပေးထား ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Lionsgate ၏ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား ဒေးဗစ်ကတ်စတာနီဒါ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၂၃

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသားဒေးဗစ်ကတ်စတာနီဒါပါဝင်သရုပ်ဆောင်ထားကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားသစ်တွင် ကတ်စတာနီဒါသည် မင်းသမီး အေမီကာရာရှိနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်တို့ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို လော့စ်အိန်ဂျလိစ်မြို့၌ မကြာသေးမီကမှ အပြီးသတ် လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျူလီယံလာဘာရေဒေါက တာဝန်ယူရိုက်ကူးခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

ဇာတ်ကားရုံတင်ပြသမည့်နေ့ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အမျိုးသားစာပေ တစ်သက်တာဆုရှင် ကဗျာဆရာကြီး အလင်္ကာကျော်စွာ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) တံတားဦးမြို့တွင် ကွယ်လွန်

ရန်ကုန် နိုဝင်ဘာ ၂၃

အမျိုးသားစာပေ တစ်သက်တာဆုရှင် ကဗျာဆရာကြီး အလင်္ကာကျော်စွာ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) သည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နေအိမ်တွင် လူကြီးရောဂါဖြင့် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အလုပ်အမှုဆောင် ဆရာအောင်မြင့် (သစ်တော)က ပြောပြ၍သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၉၁ အရွယ်ရှိပြီဖြစ်သော ကဗျာဆရာကြီး အလင်္ကာကျော်စွာ ဦးကိုလေးသည်မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင် တစ်ဦးဖြစ်ကာ "ကျွန်တော်တို့ဌာနေ ရွှေအင်းဝ" ကဗျာဖြင့် စာပေလောကသို့ ဝင်ရောက်လာသူဖြစ်ပြီး ထင်ရှားသည့်ကဗျာဆရာတစ်ဦးဖြစ်သည်။

"နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက လူကြီးရောဂါနဲ့ ကွယ်လွန်သွားတာပါ။ ဆရာကြီးရဲ့မိသားစုဝင်တွေက အတည်ပြုပါတယ်။ စာပေလောကအတွက်တော့ အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုပါပဲ။ ဆရာကြီးက အနုပညာနဲ့ ပတ်သက်ရင် အမြင့်ဆုံးဆုဖြစ်တဲ့ အလင်္ကာကျော်စွာဆုရှင်လဲ ဖြစ်ပါတယ်" ဟု ဆရာအောင်မြင့်(သစ်တော)က ပြောပြသည်။



ကဗျာဆရာကြီး အလင်္ကာကျော်စွာ ဦးကိုလေးသည် ၁၉၆၅ ခုနှစ်တွင် လမ်းသစ်ကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၂၀၁၂ ခုနှစ်တွင် မွန်းတည့်အမိ ကဗျာစာအုပ်ဖြင့် တော်ဘုရားလေး ကဗျာဆုနှင့် ၂၀၁၄ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာ ဘွဲ့တို့ကို ရရှိခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ညွန့်ညွန့်နှင့် သားသမီး ခုနစ်ဦးတို့ကျန်ရစ်ခဲ့ကာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တံတားဦးသုဿန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်းလည်း ကျန်ရစ်သူမိသားစုထံမှ သိရသည်။

ASH

# Last Resort အက်ရှင်ဇာတ်ကားတွင် မင်းသား မေဆင်ဂိုးဒင် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၂၃

Last Resort အမည်ရှိ အက်ရှင်ဇာတ်ကားတွင် မင်းသား မေဆင်ဂိုးဒင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

Last Resort ဇာတ်ကားကို ဒါရိုက်တာ လူးဝစ်ပရီတိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဲရစ်ချမ်နယ်လာနှင့် ဂရန်းသွမ်ပဆင်တို့က ရေးသားထားသည်။

အဆိုပါ ဇာတ်ကားသည် ကောလိပ်ကျောင်းသား၊ ကျောင်းသူများ စခန်းချနေသည့် အပန်းဖြေစခန်းကို စီးနင်းသိမ်းပိုက်ခဲ့သော မူးယစ်ဂိုဏ်းကို မရိန်းတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက ရင်ဆိုင်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Last Resort ဇာတ်ကားတွင် မင်းသား မေဆင်ဂိုးဒင်သည် အမိက ဇာတ်ဆောင် မရိန်းတပ်ဖွဲ့ဝင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Last Re-sort ဇာတ်ကားကို စပိန်နိုင်ငံ၌ စတင်ရိုက်ကူးနေပြီ ဖြစ်ကြောင်း သိရသည်။

Last Resort ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Mahar Application က ညို့ဆေးဇာတ်ကားကို မူပိုင်ဇာတ်လမ်းအဖြစ် ဒီဇင်ဘာလဆန်းတွင် ထုတ်လွှင့်တင်ဆက်သွားမည်

ရန်ကုန် နိုဝင်ဘာ ၂၃

Mahar Application က ညို့ဆေးဇာတ်ကားကို မူပိုင်ဇာတ်လမ်းအဖြစ် လာမည့် ဒီဇင်ဘာလ ဆန်းတွင် ထုတ်လွှင့်တင်ဆက် သွားမည်ဖြစ်ကြောင်း အဆိုပါ ညို့ဆေးဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က ပြောပြ၍သိရသည်။




အဆိုပါ ညို့ဆေးအမည်ရှိ ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားပြီး အိမ့်သဉ္ဇာက ဇာတ်ညွှန်းရေးသား ထားကာ ဒါရိုက်တာပြည့်ဖြိုးနိုင် (PPN)က တာဝန်ယူပုံဖော်ရိုက်ကူး ထားခြင်းဖြစ်ကြောင်း သိရသည်။

"ကံမကောင်းခဲ့တဲ့ အချစ်ရေးကြောင့် နှလုံးသားတံခါးကို စည်းမျဉ်းတွေနဲ့ တင်းကျပ်စွာ ပိတ်ထားတဲ့ ပတ္တမြားခင်ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ခံစားချက်တွေက ကောင်လေး တစ်ယောက်ရဲ့ ညို့အားဒဏ်ကို ကြံကြံခံနိုင်ပါ့မလား။ မမန့် မောင်လေးရဲ့ကြားထဲက ရင်ခုန်စရာအချစ်ကစားပွဲက ပရိသတ်ကြီးတို့ကို စိတ်ကြည်နူးမှုအပြည့် ပေးသွားမှာပါ။ မကြာခင်အချိန် အတော အတွင်း Mahar Application မှာ ပြသွားတော့မှာဖြစ်တာ ကြောင့် စောင့်မျှော်ကြည့်ရှုပေးကြပါအုံး"ဟု ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN)က ပြောပြသည်။

အဆိုပါ ညို့ဆေးအမည်ရှိ ဇာတ်ကားတွင် သရုပ်ဆောင်များ အဖြစ် ရှိန်းတင်ထူး၊ ဖော်ဦး၊ ဒီပါကျော်၊ ရတနာဗို၊ ချစ်စုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထား ကြောင်း သိရသည်။

ASH

# University of Agriculture and Livestock Breeding (Maubin) inaugurates

## Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing attends the opening of University of Agriculture and Livestock Breeding (Maubin)



Senior General Min Aung Hlaing sprinkles scented water on the plaque of the main building of the University of Agriculture and Livestock Breeding (Maubin).

**Nay Pyi Taw November 23**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inaugurated the University of Agriculture and Livestock Breeding (Maubin) under the Ministry of Agriculture, Livestock and Irrigation this morning.

First, the Senior General and party arrived at the university where the Senior General and party were warmly welcomed by the Union Minister for Agriculture, Livestock and Irrigation, officials and students.

Also present at the ceremony were Commission Secretary and Joint Executive Chief General Ye Win Oo, Commission member and Union Minister for Border Affairs Lt-Gen Yar Pyae, Union Ministers U Min Naung, Dr Myo Thein Kyaw and U Myo Thant, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from the Office of the Commander-in-Chief, deputy ministers, officials from the Ministry of Agriculture, Livestock and Irrigation, departmental officials, rectors, pro-rectors, teachers, students and guests.

Commission Secretary and Joint Executive Chief General Ye Win Oo, Commission member and Union Minister for Border Affairs Lt-Gen Yar Pyae, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Science and Technology Dr Myo Thein Kyaw and Ayeyawady Region Chief Minister U Tin Maung Win cut the ribbon to inaugurate the ceremony.

The Senior General unveiled the signboard of the main building of the university.

The Senior General had documentary photos taken together with attendees.

The Senior General sprinkled scented water on the plaque of the main building.

At the second section of the ceremony, students performed dances in commemoration of the opening of the university.

Speaking on the occasion, the Senior General said that the inauguration ceremony of the University of Agriculture and Livestock Breeding (Maubin) marks a momentous and auspicious day for the entire agricultural and livestock sector of the country. It is also a day that can be recorded as a historic milestone for the students who will begin their studies and the teachers who will provide instruction. Opening the university in the 2025-2026 academic year will greatly contribute to the development of the human resources needed in the country's agricultural and livestock sectors and will, in turn, positively support the nation's economic growth.



Senior General Min Aung Hlaing addresses the opening of the University of Agriculture and Livestock Breeding (Maubin).

The fundamental objectives of opening the University of Agriculture and Livestock Breeding (Maubin) are to develop the human resources needed for the country's agricultural, livestock, and rural development; to increase the number of qualified professionals with degrees in agricultural science and livestock science; to enable students to study and acquire modern techniques and skills required for agricultural and livestock enterprises as well as basic agribusinesses; and to strengthen their ability to conduct practical, applied research effectively.

In addition, the university aims not only to provide subject-based teaching and learning but also to develop into a research-oriented university that can produce agricultural and livestock professionals capable of meeting international standards. It is expected that the university will produce graduates equipped with knowledge and skills who can link agricultural and livestock disciplines with basic agro-production enterprises and other related economic activities.

As a country whose economy is based on agriculture and livestock, the agricultural and livestock sector serves as a key driver of national economic development. Looking at the international context, developed countries have built their economies on agriculture and livestock, enabling them to progress into industrialized nations. Similarly, developing countries rely on agriculture and livestock to ensure food security, increase prosperity, expand production, and transform their nations through MSME enterprises. In our country as well, with abundant water and land resources and favourable climate conditions, efforts are being made to develop agriculture and livestock activities and promote future economic growth.

The agricultural sector contributes up to 23.7 per cent of the country's gross domestic product (GDP), and approximately 46 per cent of the nation's population is rural residents earning their livelihood through agricultural, livestock, and related activities. Only when the agricultural and livestock sector develops and the incomes of rural residents increase can rural development, in turn, contribute to the overall economic growth of the country.

Myamar has abundant arable land, diverse climates suitable for growing a variety of crops, and rich freshwater resources, which not only ensure domestic food security but also allow surplus agricultural and fishery products to be exported abroad. In particular, the Ayeyawady Region has a long-standing historical reputation as the "granary" of Myanmar. The opening of the University of Agriculture and Livestock Breeding (Maubin) will meet a major need of the Ayeyawady Region and is expected to promote the development of agricultural and livestock activities in the region, thereby contributing to the overall growth of the country's agriculture and livestock sector.

Previously, Myanmar had only one university of irrigated agriculture and only one veterinary university. At present, the University of Agriculture can produce about 300 agricultural graduates per year, while the University of Veterinary Science produces around 200 graduates annually. Since the two universities established during the colonial era have been unable to produce a sufficient number of graduates needed by the country, addressing this shortfall has remained a necessary priority.

*See Page 13*



Senior General Min Aung Hlaing inspects construction work within the compound of the University of Agriculture and Livestock Breeding (Maubin).

*From Page 12*

Since taking office in 2021, the government has been striving to produce more highly qualified agricultural and livestock graduates, mid-level diploma holders in agriculture and livestock, and recognized subject-matter experts in these fields to meet the needs of the country. In this effort, 89 industrial, agricultural, and livestock and basic education high schools, along with nine agriculture and livestock institutes derived from 15 institutes of agriculture were established. Additionally, one Fisheries Institute (Twantay) and one veterinary institute were also expanded. As a result, a total of 8,352 human resources have been trained and produced compared to previous periods. The newly opened University of Agriculture and Livestock Breeding (Maubin) is expected to produce 300 agricultural and livestock graduates annually. Furthermore, efforts are being made to establish a new agriculture and livestock university in Upper Myanmar, and discussions are ongoing to open one agriculture and livestock college in each region and state as part of future planning.

It is reported that the University of Agriculture and Livestock Breeding (Maubin) aims to become a top-tier university like Yezin Agricultural University and the University of Veterinary Science, and efforts will be made to successfully realize this ambition as planned. The University of Agriculture and Livestock Breeding (Maubin) is composed of 13 major departments related to agricultural science, 12 major departments related to animal husbandry science, and 3 basic science departments. It is planned to gather qualified teachers and specialist experts from various departments to provide instruction. It is also suggested that for some subjects, experts should be invited as visiting professors to teach, and seminars and paper reading sessions should be held to strive for comprehensive coverage without omissions in all aspects. Postgraduate programs, including postgraduate diplomas, master's degrees, and doctoral degrees, will be successively offered. This will enable the cultivation of high-quality human resources needed for national development. It is desired to state that, in line with the university's motto "Agricultural and Livestock Breeding Bring Prosperity to the Nation," it will become a reliable university for the development of the country.

Agricultural and veterinary sciences are typically viewed merely as applied sciences. In reality, the 13 subjects related to agricultural sciences, including soil science, biology, and botany, and the 12 subjects related to animal husbandry sciences, including animal husbandry, veterinary medicine, surgery, and reproduction, along with their theories and technological principles, are vast. Understanding these aspects and being able to operate in harmony with nature—such as water, land, and climate—requires the perspective of arts disciplines, problem-solving skills, an understanding of farmers' and livestock breeders' perspectives, and the art of managing socio-economic factors. Therefore, graduates will not only be equipped with scientific knowledge but also with critical thinking and management skills. Students are urged to study diligently.

Since the University of Agriculture and Livestock Breeding (Maubin) plans to also confer degrees in animal husbandry, graduates and rural residents can not only engage in agricultural work but also earn income from livestock farming during the off-season, thereby increasing family income and reducing poverty. Ayeyawady Region is a major region for cultivating, producing, and distributing rice in Myanmar and also has numerous fish and prawn farming operations. However, within Ayeyawady Region, there are extensive areas of deep-water and low-lying fields that are not yet fully utilized for agricultural purposes. It is necessary to expand integrated farming and livestock systems. It is recommended that the University of Agriculture and Livestock Breeding (Maubin) research these systems and strive to test and implement them successfully.

Investment in human resource development for the agriculture and livestock sector will fulfill objectives such as meeting the food needs of a growing population, ensuring the sustainability of natural resources, improving the socio-economic lives of rural residents, and increasing the production of high-value agricultural and aquatic products. Students currently studying agriculture and veterinary sciences at this university are urged to pass on knowledge through generations and, in line with the university's motto "Agricultural and Livestock Breeding Bring Prosperity to the Nation," contribute to the success of the national agriculture and livestock sector for the benefit of the country and its people, carrying the responsibility forward progressively. The university is also instructed to strive continuously to produce a steady stream of agricultural and livestock experts.

Following this, the Union Minister for Agriculture, Livestock and Irrigation explained the purpose and activities behind the opening of the University of Agriculture and Livestock Breeding (Maubin).

Subsequently, the Union Minister presented a commemorative gift for the opening of the University of Agriculture and Livestock Breeding (Maubin) to the Senior General.

After the ceremony, the Senior General cordially greeted the attendees.

Later, in the university auditorium, the Union Minister for Agriculture, Livestock and Irrigation explained the construction work undertaken for the University of Agriculture and Livestock Breeding (Maubin), the preparations for its opening, the ongoing appointment of teachers, the organization of teaching departments, the enrollment of students from regions and states for the 2025-2026 academic year, the planned provision of student stipends, the planned annual student enrollment, and the ongoing construction of necessary university buildings. Commission Member Union Minister for Border Affairs explained the situation regarding the enrollment of students at the Border Areas National Races Youth Development Training School (Maubin), the pass rates for the university entrance examination by academic year, and the support provided to students. The Union Minister for Science and Technology explained the details of the Government Technical High School (Maubin), the construction of workshop and administrative buildings, the appointment of teaching staff, the enrollment of students, the offering of specialized courses, and the provision of short-term training based on regional needs.

Regarding these presentations, the Senior General stated that previously there was only one University of Agriculture and Livestock Breeding in the country. Therefore, he had striven since 2021 to open the University of Agriculture and Livestock Breeding (Maubin), but its opening was delayed for various reasons. Arrangements are being made to provide stipends to students attending Universities of Agriculture and Livestock Breeding. Since the country's economy is primarily based on agriculture and livestock, moving beyond traditional methods to modern, systematic agricultural and livestock practices would be highly beneficial. Therefore, efforts are underway to produce agricultural and livestock experts, aiming to develop agro-based industries. The state is striving to enhance the education level of its citizens, and all responsible departmental officials must collaborate to ensure an abundance of educated human resources for the essential agricultural and livestock sectors. Collaboration is also needed to increase promotion rates in basic education schools. Efforts to enhance education levels for rural development are necessary. In line with the national directive "Let us ensure education sector for the development of the Nation," support must be provided for the development of education.

When constructing universities, a long-term vision is needed, requiring the establishment of a Master Plan and systematic construction. Shade and windbreak trees, along with trees representing the university, should be planted within the campus grounds. The University of Agriculture and Livestock Breeding must produce the quality human resources needed by the state and strive to develop capable agricultural and livestock experts.

Following this, the Senior General signed the guest book of the University of Agriculture and Livestock Breeding (Maubin).

Then, the Senior General, and his entourage toured the University of Agriculture and Livestock Breeding (Maubin), the Border Areas National Races Youth Development Training School (Maubin), the Government Technical High School (Maubin), and the Polytechnic University (Maubin) by car, inspected them, and provided necessary instructions based on the reports submitted by the responsible officials. 100

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets district and township level departmental personnel and local elders in Maubin and discusses regional development



Senior General Min Aung Hlaing meets district and township level departmental personnel and local elders in Maubin.

**Nay Pyi Taw November 23**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met district and township level departmental personnel and local elders from Maubin District, Ayeyawady Region at Toeshwewa Hall this afternoon and discussed regional development.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from Office of Commander-in-Chief, the South-West Command commander, deputy ministers, MSME entrepreneurs and invited guests.

The Maubin District Administrator reported on salient points of the area, preparations for the coming election, farming activities, production business of the major sectors, efforts to hit the cultivation targets, storage of reserve rice, cooking oil crops sown acreage and production, fish farming, loans disbursed from national economic development funds, efforts to supply electricity sufficiently, ongoing efforts for education sector development, One Region One Product (OROP) enterprises and MSME production businesses, the need to upgrade Maubin Township sports ground.

Local elders and entrepreneurs presented a report on the increase in loans for farmers for development of cultivation undertakings, provision of paddy dryers, expressing thanks for the support to produce sufficient amounts of fish feed. They also presented reports on electricity requirements for fish farming, development in farming business thanks to the provision of loans from national economic development funds, land requirements, possible benefits from bamboo cultivation on the bunds of fish breeding ponds, thriving sweet coconut fields, distribution in the markets and efforts to gain markets abroad.

Regarding the reports, union ministers and the chief minister explained disbursement of agricultural loans by the government, permission to import paddy dryers and crop dryers as necessary group wise or individually, permission for extending farming business in accord with the procedures, endeavours to set up a rice export zone, sown acreage increase in pawhsan-hmway rice strains.

In his address, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing said Maubin is located in a vital place of Ayeyawady Region. Initially, the plan to open Agriculture and Livestock Breeding University (Maubin) was set up in 2021. As agriculture and livestock is the main business of Myanmar, it needs many human resources skilled in the business. In this regard, the university was commissioned into service.

Till now, agriculture and livestock are being carried out through conventional means. Although the country tried to materialize modern farming throughout the past successive periods, success was not achieved to the satisfactory level. As the majority of the population lives in rural areas, agriculture and livestock modernization has become a challenge. In its ongoing mission for education development, the government is upgrading the institutions of higher learning.

He stated that they are striving to cultivate educated human resources, noting that while universities have been opened in all Regions and States to ensure balanced development, student attendance remains low in some States. Therefore, he mentioned that efforts are underway to open Polytechnic Technical Universities, and they will also proceed with plans to open additional Agricultural and Livestock Breeding Universities.




Senior General Min Aung Hlaing views MSME products.

He also stated that the State is working to improve educational standards, allowing students to attend universities and colleges for their respective subjects to pursue higher education, and that the reduced enrollment in universities is due to a low student transition rate between academic levels. He emphasized that by increasing the transition rate, the supply of educated human resources would become abundant, and he urged the Maubin District to also collectively strive toward this goal of increasing educated human resources.

Regarding agriculture and livestock, he stated that the Ayeyarwady Region is a granary of the nation, and thus, the crop yields must meet appropriate levels. He emphasized the need to consider how to proceed with increasing the progress of agricultural work. Concerning the cultivation of Pawsanhmway, he stressed the need to increase cultivation for export, noting that methods for good yield have already been systematically tested. Therefore, he urged that Pawsanhmway paddy be cultivated systematically in the areas where it can be grown well.

He then stated that efforts should be made to achieve good yields not only for Pawsanhmway paddy but also for other crops, and that agricultural work must be conducted systematically using the four methods: Seed, Soil, Water, and Technique. He emphasized that it is necessary to secure high-quality seeds, ensure good soil conditions, have sufficient water supply, and be able to cultivate and produce with the correct technique. He affirmed that if these principles for agriculture are followed, the crops cultivated would greatly improve and stressed the need to provide agricultural education to individual farmers.

Then, he stated that the coffee produced in the nation is market-ready for international consumption, and while highland coffee is mostly cultivated, he observed that the Maubin Township has about 20,000 acres of garden plots, and if they cultivate lowland coffee (Robusta variety) in these plots, it would be highly beneficial and significantly increase the country's export revenue.

He urged that the cultivation of sweet coconut is highly beneficial, advocating for the expansion of its cultivation because products related to coconut can be manufactured, and exporting these coconut products would earn foreign currency for the nation. He emphasized the need for planting shade and windbreak trees regionally, noting that coconut trees and windbreak trees can provide necessary protection during natural disasters.

He observed that fish farming is being successfully carried out in the Ayeyarwady Region and similarly encouraged the expansion of the breeding of other livestock such as chickens, pigs, cattle, and ducks. *See Page 15*

# More buildings used for online gambling and scams demolished, more illegal foreigners detained in KK Park area



Scenes of authorities clearing out buildings occupied by illegal immigrants within the Shwe Kokko area.




Authorities conducting necessary inspections to facilitate the transfer of illegal immigrants back to their respective countries.



A view of the buildings used for conducting online fraudulent gambling activities within the KK Park area before their demolition.



A view of the demolished buildings used for conducting online fraudulent gambling activities within the KK Park area.



A view of the demolition of buildings, used for conducting online fraudulent gambling activities within the KK Park area, being carried out using heavy machinery.

**Nay Pyi Taw November 23**

The government of Myanmar has been launching combats against online scams and gambling, which have been endangering the international community and the entire world, regarding it as a national duty and joint operations forces of multiple agencies including security forces and administrative bodies are raiding illegally constructed buildings and demolishing them and exposing and detaining foreigners involved in online gambling and scams.

In doing so, out of a total of 635 buildings used in online gambling in Myawady-Mae Htaw Thalay (KK Park) area, 11 more buildings were demolished, having demolished 217 buildings and continuing to demolish the remaining illegal buildings.

Similarly, clearance operations have been carried out since 18 November and on the sixth day, 33 buildings were raided but online gamblers and scammers were not found and it was learnt that computers and accessories and mobile phones they used were also removed with them simultaneously.

Furthermore, foreigners who were involved in online scams and gambling operations by entering Shwe Kokko illegally by transiting neighbouring countries including Thailand and are trying to escape were detained including 65 Chinese nationals, eight Vietnamese nationals, one Malaysian national, 13 Kenya nationals, four Ethiopian nationals, six Indonesian nationals, six Uganda nationals, one Nepal national, 20 Indian nationals, one Zimbabwe national, seven Philippines nationals, two Rwandan nationals, three Nigerian nationals, five Thai nationals, one Kazakhstan national, one Uzbekistan national, one Benin national, eight Burundi nationals, one Togo national, one Singapore national, totalling 156 foreigners were detained today. Therefore, a total of 1,746 foreigners who illegally entered Myanmar were detained so far and 2,893 computer sets, 21,750 mobile phones, 101 Starlink discs, 21 routers and numerous accessories used in online gambling were seized while crackdowns are underway.

The foreigners were detained in a building in Lonhtin compound in Shwe Kokko Myaing Village in Puhlwepu Village Tract and investigation teams are interrogating them and joint departmental teams collected personal information and documents about 288 foreigners to hand over them to relevant countries as soon as possible.

Between 30 January to 23 November, 2025, 12,586 foreigners who illegally entered Myanmar were detained and 12,143 of them were investigated and 9978 of them were expelled to relevant countries through Thailand in accordance with the law and rules and regulations systematically. Plans are underway to hand over the remaining 2,608 foreigners to relevant countries and they are properly treated.

The government will continue to coordinate with domestic forces as well as governments of neighbouring countries to prevent online scams and gambling from taking base in Myanmar as a national duty.

100

*From Page 14*

Regarding the town, he stated that the State would make arrangements to ensure good drainage within the city, but emphasized that departmental officials must systematically supervise the work, and the city's residents must also cooperate. He mentioned that they would consider and proceed with providing a necessary football sports field for the township, and that development would also be carried out for the universities in Maubin Town.

He stated that a free and fair multi-party democracy general election will be held in the coming December. He recalled that vote irregularities occurred in the 2020 multi-party democracy general election and, because the officials at that time failed to resolve the issues according to the law, the incumbent government was compelled to assume the State duties in accordance with the Constitution. He urged all eligible voters to cast their ballots when the election is held, noting that while the State has made arrangements to ensure the right to vote, casting or not casting a vote is ultimately the wish of the voters. He confirmed that they are carrying out preparatory work to ensure a free and fair election and are systematically scrutinizing the electoral candidates according to the law. He concluded by urging voters to consider and choose candidates who are genuinely motivated to work for the benefit of the country and the region, who can safeguard the three main national causes, and who possess political, economic, and defense vision.

Subsequently, the Senior General cordially greeted the attendees of the ceremony.

The report concluded that the Senior General and his delegation then toured and inspected the local products, agricultural machinery, livestock products, and foodstuffs exhibited at the Micro, Small, and Medium Enterprises (MSME) Product Exhibition and Trade Fair in the Maubin District of the Ayeyarwady Region, providing necessary instructions and fulfilling requirements based on the presentations made by the officials. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**ရှေ့ဖုံးမှအဆက်**

ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ရောဝတီတိုင်းဒေသကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မအဆောက်အအုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။

ဝန်ကြီးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အအုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက စိုက်ပျိုးရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေးဆရာ၊ဆရာမများအတွက်လည်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်ပြီး ယခုကဲ့သို့ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာသင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြုတက္ကသိုလ်တစ်ခု(Research Oriented University)အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း ဖွံ့ဖြိုးပြီးနိုင်ငံများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင်လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကိုတိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကိုပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့်ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကိုအရင်းပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းထိပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ **စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အမြားရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ်ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည်သာမက ပိုလျှံသည့် လယ်ယာသားငါးထွက်ကုန်များကို ပြည်ပကိုတင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ရောဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ **"စပါးကျီ"** အဖြစ် သမိုင်းအစဉ်အလာကြီးသည့်ဒေသဖြစ်ကြောင်း၊**ယခုကဲ့သို့စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ရောဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုရရှိစေနိုင်မည်ဟု ယုံကြည်**ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်ခုတည်းသောစိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသောတက္ကသိုလ်အဖြစ်ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင်ဦးရေ ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ဦးရေ ၂၀၀ ခန့် သာမွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ဖွင့်လှစ်ခဲ့သည့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

တက္ကသိုလ် နှစ်ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်း မရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဒီပလိုမာလက်မှတ်ရ ပညာရှင်များ၊ စိုက်ပျိုးရေးမွေးမြူရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဆင့်ရှိ အသိအမှတ်ပြုလက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းစုစုပေါင်း ၈၃၅၂ ဦးကို ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကလည်းနှစ်စဉ်စိုက်ပျိုးမွေးမြူရေးပညာရှင် ဦးရေ ၃၀၀ စီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အသစ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် စိုက်ပျိုးရေးပညာပွဲများပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့်

**ယခုကဲ့သို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည် . . .**

ဗေဒဘာသာရပ်များအပါအဝင် ဘာသာရပ် ၁၃ ခုမွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာအပါအဝင် ဘာသာရပ် ၁၂ ခု စသည့်ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများသည် ကျယ်ပြန့်ကြောင်း၊ အဆိုပါအချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတုစသည့် သဘာဝတရားများနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့် မွေးမြူရေးသမားများ၏ ခံယူမှုနှင့်လူမှုစီးပွားဆိုင်ရာအချက်အလက်များ စီမံခန့်ခွဲမှုပညာ(Art of Management) ကိုပါသင်ကြားပေးသည့်ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းအား ဂါရဝပြုပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

၈၉ ကျောင်း၊ ရှိရင်းစိုက်ပျိုးရေးသိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်း ကိုးကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတစ်ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေးသိပ္ပံ တစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက်တစ်ခုဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကောလိပ်ကျောင်း တစ်ကျောင်းစီဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံဝိဇ္ဇာသိပ္ပံပညာရပ်ဌာန သုံးခုပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ်ကျွမ်းကျင်သူပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန်စီစဉ်ထားသည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များကို ဧည့်ပါမောက္ခကြီးများအဖြစ် ဖိတ်ကြားသင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး တက္ကသိုလ်၏ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့်တက္ကသိုလ်တစ်ခုဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါအပ်နှင်းနိုင်ရန်စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့် ကျေးလက်နေ ပြည်သူများအနေဖြင့်

စာမျက်နှာ ၁၈ သို့






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ် . . .**

**စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လို . . .**

စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါးပုစွန်မွေးမြူရေး လုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီး အတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဧရိယာကျယ်ပြန့်စွာရှိနေပြီးစိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင် စမ်းသပ် ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များရေရှည်တည်တံ့စေရေး၊ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး၊ လယ်ယာ၊ သားငါးတန်ဖိုးမြင့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးစသည့် ရည်မှန်းချက်များကိုပြည့်မီစေမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်တိုးတက်ရန် **“စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး”** ဆိုသည့် တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုးတိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက်တက္ကသိုလ်အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဆရာ၊ ဆရာမများ ခန့်အပ်ဆောင်ရွက်လျက်ရှိမှုသင်ကြားရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား၊ ကျောင်းသူများတက်ရောက်သင်ကြားနိုင်ရေးလျာထားဆောင်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့်အဆောက်အအုံများ ထပ်မံဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်တန်း အောင်မြင်မှု၊ ကျောင်းသား၊ကျောင်းသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)ဆိုင်ရာ အချက်အလက်များ၊ အလုပ်ရုံနှင့်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများတည်ဆောက်ထားရှိမှု၊သင်ကြားရေး ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်ကတစ်ခုတည်းသာရှိခဲ့ကြောင်း၊ထို့ကြောင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များသို့တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးအဓိကထား ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များကိုမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကိုဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေးဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့”** ဟူသည့် နိုင်ငံတော်က ချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

တက္ကသိုလ်များ တည်ဆောက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျရေးဆွဲတည်ဆောက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့်တက္ကသိုလ်ကိုကိုယ်စားပြုသော အပင်များကိုစိုက်ပျိုးသွားရန် လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှနိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးပြီးအရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်** လိုကြောင်းဖြင့် လမ်းညွှန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း(မအူပင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)နှင့် ပိုလီတက္ကနစ် နည်းပညာတက္ကသိုလ်(မအူပင်)တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကဏ္ဍကြီးများအလိုက်ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အရန်ဆန်များသိုလှောင်ထားရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ One Region One Product(OROP) လုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မအူပင်မြို့နယ်အားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန်လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးတောင်သူများကို ချေးငွေများတိုးမြှင့် ထုတ်ချေးပေးစေလိုမှု၊ စပါးအခြောက်ခံစက်များ လိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ငါးစာများလုံလောက်စွာထုတ်လုပ်ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးမှုကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် မြေနေရာများ ထပ်မံလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကန်ပေါင်များပေါ်၌ ဝါးပင်များ စိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှု၊ အုန်းချိုမွှေးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ဖြူးရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ စပါးအခြောက်ခံစက်နှင့် သီးနှံအခြောက်ခံစက်များလိုအပ်မှုနှင့် ပတ်သက်၍ လိုအပ်ပါက ပြည်ပမှမှာယူတင်သွင်းဆောင်ရွက်ပေးနိုင်ပြီး အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဝယ်ယူနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေနေရာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဆန်၊ စပါး Export Zone ဖော်ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ပေါ်ဆန်းမွှေးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင်တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)အား ၂၀၂၃ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ်ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ပညာရှင် လူသားအရင်းအမြစ်များစွာ လိုအပ်ကြောင်း၊ထို့ကြောင့်မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရ၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲမွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက်မွေးမြူဆောင်ရွက်ကြစေလို . . .**

**မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုသကဲ့သို့ မြို့နေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို . . .**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက် အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အများစုမှာကျေးလက်တွင်နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား၊ ကျောင်းသူတက်ရောက်မှု နည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့် တက္ကသိုလ်သို့ တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စပါးကျီတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် ပတ်သက်၍လည်း စနစ်တကျ စမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့် ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ပေါ်ဆန်းမွှေးစပါးကိုသာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရမည်၊ မြေအခြေအနေ ကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့်စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အထက်ပါနိယာမများကို လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့်သီးနှံများများစွာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးရေးအသိပညာပေးခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

**လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလို . . .**

**နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေးဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်၊ အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ ဆန္ဒမဲပေးကြစေလို . . .**

ဥယျာဉ်ခြံစိုက်ပျိုးသည့် ဧက နှစ်သောင်းခန့်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါ ဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချုံမွေး စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့် အကာအကွယ်ပေးနိုင်ကြောင်း။

**ဧရာဝတီတိုင်းဒေသကြီး အတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲ မွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမို** တိုးတက်မွေးမြူ ဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုသကဲ့သို့ မြို့နေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက်လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်းလွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး ထိုအချိန်က တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် **မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံ ကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ဆန္ဒမဲပေးကြစေလိုကြောင်းဖြင့်** ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်၊ ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အကျႌ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး၊ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)** အမှတ်(၁၃၅) ဓမ္မစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)** အမှတ်(၁၆၉) ၈၃ လမ်း ၂၅-၂၆ လမ်းကြား အောင်မြေသာစံမြို့နယ် စစ်ကိုင်းတန်းရပ် မန္တလေးမြို့ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)** ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)** အမှတ်(၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)** အမှတ်(၈၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)** ကျုံကူကျေးရွာ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး ဖျာပုံမြို့ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)** အမှတ်(၂)ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)** အမှတ်(၈၂) အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့ ဖုန်း- ၀၈၁- ၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)** အကွက်အမှတ်(၂၄) ဆန်ချီတိုးချဲ့အနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာ ကျောင်းသစ်ကျောင်း ဘုန်းကြီးကျောင်း၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ဦးရေ ၁၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၈၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ ခါတ်မှန်ရိုက်လူနာ သုံးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ် ကန့်မလာကျေးရွာနေ ဦးကျော်ဇင်ဝင်း၏ ဇနီး ဒေါ်ဥမ္မာမြင့်၏ ကိုယ်ဝန်ကို ညနေ ၄ နာရီ ၈ မိနစ်တွင် ခုနစ်ပေါင်ရှစ်အောင်စရှိသမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။





၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း စတုတ္ထအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်ထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်၊ ၂၅ ဦးမြောက်နှင့် ၂၆ ဦးမြောက်ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"သားဦးဆိုတော့ ပိုပြီးတော့လဲ ဝမ်းသာတာပေါ့။ ရွာကအမျိုးတွေကိုလဲ ပြန်ပြောပြမှာပေါ့။ ဘယ်လောက်ဝမ်းသာတယ်၊ ကျွန်တော့်ရင်ထဲဘယ်လိုခံစားရတယ်ဆိုတဲ့ ဟာတွေကိုပေါ့။ သံလွင်သင်္ဘောကြီးမှာရှိတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆရာမတွေ အကုန်လုံးကို ဒီကိုလာမွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျန်းမာရေးမကောင်းဖြစ်တဲ့ လူတွေ ပြီးတော့အကုန်လုံးကို မျက်စိ၊နား၊ နှာခေါင်းကအစ အကုန်လုံးကို ခန္ဓာကိုယ်မှာ ချို့ယွင်းမှုရှိတဲ့ဟာမှန်သမျှကို သံလွင်သင်္ဘောကြီးမှာ အားလုံးကုလို့ရပါတယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်" ဟု ပြောသည်။

"အမျိုးသားကနေပြီးတော့ လှမ်းပြီးတော့ ဖုန်းဆက်တာပေါ့။ ဒီမှာဆေးကုတဲ့သင်္ဘောလာမယ်ပေါ့။ အဲ့ဒါကြောင့်မလို့ လာပြပါလားပေါ့ လှမ်းခေါ်တဲ့အတွက် လာတာပါ။ Ultrasound ရိုက်ချင်တယ်၊ အထဲကကလေး ဘယ်လိုနေလဲဆိုတာ သိချင်တဲ့အတွက် လာပြလိုက်တာပါ။ ဖော်ဖော်ရွေရွေရှိတယ်ပေါ့ လူနာအပေါ် စိတ်ရှည်တယ်။ နယ်ဘက်တွေကလဲ လာပြကြတယ်။ ကျွန်မရဲ့ယောက္ခမဆိုလဲ တစ်ခါလာပြဖူးတယ်လေ။ သူပြောတာတော့ ကောင်းတယ်ပေါ့။ အမြဲတမ်းလာပြီးတော့ ကုသစေချင်တယ်ပေါ့။ အကုန်လုံးအတွက် အားလုံးအဆင်ပြေပါတယ်" ဟု ပြောသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ် ညောင်ငူအုပ်စု မရမ်းချောင်ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ နေ့လယ်ပိုင်းတွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၄၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ကိုးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ငါးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။





ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"သမီးလေးက ငယ်ငယ်လေးကတည်းက ခွဲစိတ်ထားတာဆိုတော့ သူ့ရဲ့ဆီးရောဂါက ပြန်ထချင်တော့ ဒီမှာ သမားတော်တွေလဲ ပါလာတယ်ဆိုတော့ လာပြတာပါ။ မနေ့တစ်နေ့ကတည်းက ရွာကကျေးရွာအုပ်ချုပ်ရေးမှူးကကြေညာထားတာပါ။ ဆရာဝန်တွေက သဘောကောင်းပါတယ်။ အစစအရာရာ စိတ်ရှည်သည်းခံပြီးတော့ နားထောင်ပေးကြပါတယ်။ အခုလို ရွာထိလာရောက်ကုသပေးတဲ့အတွက် ဆရာဝန်တွေအားလုံးကို အများကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

"မျက်လုံးကမှုန်နေတော့ ရှင်းရှင်းလင်းလင်းမမြင်ရဘူး။ နယ်လှည့်ဆေးကုသရေးအဖွဲ့တွေနဲ့တွေ့တော့ လာကုတာပါ။ ကောင်းပါတယ်။ အကုန်လုံးကောင်းကြပါတယ်။ ဆေးလာကုသပေးတဲ့ ဆရာတွေ၊ ပါရဂူတွေ၊ ဆရာမတွေအားလုံးလဲ သွားလေရာ လာလေရာ ဘေးကင်းကြပြီး အကုန်လုံးလဲ ကျန်းမာချမ်းသာကြပါစေ။ စေတနာလဲရှိကြတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတဲ့အဖွဲ့တွေလဲ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

(၅၀၁)

# ဇိုမီးအမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၃**

**ဇိုမီးအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ကိုင်းအင်းကျိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာလ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**ဒေါ်ကိုင်းအင်းကျိန်**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဇိုမီးအမျိုးသားပါတီ)**

**မင်္ဂလာပါရှင့်**

ကျွန်မနာမည် ဒေါ်ကိုင်းအင်းကျိန်ဖြစ်ပါတယ်ရှင့်။ လက်ရှိပါတီတာဝန်ကတော့ ဇိုမီးအမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်ပါသည်။ ယခုအချိန်မှစ၍ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

ဇိုမီးမိဘပြည်သူများရှင့် … မကြာမီစတင်ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ဇိုမီးအမျိုးသားပါတီသည်လည်း လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသဖြင့် နိုင်သည့်ဘက်မှ ဝိုင်းဝန်းထောက်ခံရပ်တည်ပေးနိုင်ရန် ပထမဦးစွာတင်ပြလိုပါသည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မိဘပြည်သူများ ဆုံးဖြတ်ချက်မမှားစေရန်နှင့် ဇိုမီးတိုင်းရင်းသားများ နောက်ကောက်မကျန်ရစ်စေရန်အတွက် အချိန်မီပြင်ဆင်သင့်သည်များ ပြင်ဆင်နိုင်ဖို့လည်း အသိပေးနှိုးဆော်လိုပါသည်။ ကျွန်မတို့ဇိုမီးအမျိုးသားပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တည်ဆဲဥပဒေဘောင်များအတွင်း၌သာ အဖြေရှာနိုင်မည်ဟုအခိုင်အမာ ယုံကြည်ပါသည်။

ထို့ပြင် ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ နိုင်ငံရေးသဘောထားရပ်တည်ချက်များမှာ ဇိုမီးတိုင်းရင်းသားများအပါအဝင် မြန်မာပြည်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးတို့၏ နိုင်ငံရေးအရ တန်းတူညီမှုရရှိဖို့နဲ့ အနှစ်သာရပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာအင်အားစုအသီးသီးတို့နဲ့ လက်တွဲအကောင်အထည်ဖော်တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းတင်ပြသွားမှာဖြစ်ပါတယ်ရှင့်။

**အခြေခံမူများ**

(၁) ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်ရေး။

(၂) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ပီပြင်စွာပေါ်ထွန်းရေးအတွက် အခြားသောညီအစ်ကို တိုင်းရင်းသားများနှင့် အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) ဇိုမီးတိုင်းရင်းသားများ၏ ဥစ္စာခနေ၊ အမိမြေ၊ ကိုးကွယ်သည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ မြှင့်တင်ရေး။

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာသော လူ့အသိုက်အဝန်းတည်ဆောက်ရေးနှင့် လွတ်လပ်ရေးအဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေး။

(၅) မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဇိုမီးတိုင်းရင်းသားများအား ကိုယ်စားပြုအရေးဆိုနိုင်ရေးတို့ဖြစ်ပါသည်။

ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ အဓိကရည်ရွယ်ချက်များကိုလည်း ဆက်လက်တင်ပြသွားမှာဖြစ်ပါသည်။

**ရည်ရွယ်ချက်**

(၁) ဇိုမီးတိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်ရေး ရရှိအောင်ဆောင်ရွက်သွားမယ်။

(၂) အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဒီမိုကရေစီအခွင့်အရေး ကြောင့်လူနည်းစု၏အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အထိအခိုက်မရှိအောင်ဆောင်ရွက်မယ်။

(၃) အမိမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုပြီးတိုးတက်မြင့်မားရေး ကြိုးပမ်းမယ်။

(၄) ဇိုမီးတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်နေထိုင်သည့် ဒေသများနှင့်ဆက်စပ်တဲ့ ဒေသအားလုံးတစ်ပြေးညီဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်သွားမယ်။

(၅) လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်ကြိုးပမ်းမယ်။

(၆) ဇိုမီးဒေသအတွင်းထွက်ရှိသော သဘာဝသယံဇာတများ၏ ထိုက်သင့်သော အကျိုးခံစားခွင့်များကို ဇိုမီးတိုင်းရင်းသားများရရှိအောင် ကြိုးစားဖော်ဆောင်မယ်။

(၇) ဇိုမီးဒေသအတွင်းရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ထိုလမ်းကြောင်းများမှရရှိသော အခွန်အခ သို့မဟုတ် အကောက်ခွန်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရဒေသများရှိ ပြည်သူများ သာတူညီစွာ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

တစ်ဆက်တည်းတွင် ဆက်လက်၍ ကျွန်မတို့ ဇိုမီး အမျိုးသားပါတီ၏ ရှေ့လုပ်ငန်းစဉ် များကိုလည်း မိဘပြည်သူများသိရှိနိုင်ပါရန် တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်သော ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးကို ထောက်ခံကာကွယ်ရေး။

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တရားမျှတသော တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို အခိုင်အမာတည်ဆောက်ရင်း၊ ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး။

(၃) လွတ်လပ်၍ပွင့်လင်းသော နိုင်ငံရေးမူဝါဒကိုကျင့်သုံးရင်း ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး။

(၄) နိုင်ငံသားတိုင်းနှင့် လူနည်းစုများ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများနှင့် မိမိလိုချင်သည့် အသက်မွေးဝမ်းကျောင်း ပညာအရပ်ရပ်တို့အား လွတ်လပ်စွာလေ့လာဆည်းပူးနိုင်ရေးအတွက် အခွင့်အလမ်းများကိုဖော်ဆောင်ပေးနိုင်ရေးတို့ဖြစ်ပါသည်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတင်ပြလိုတာကတော့ ဇိုမီးမိဘပြည်သူများအနေဖြင့် သိထားရမည်မှာ အခြားသောသက်ဆိုင်ရာတိုင်းရင်းသားညီအစ်ကိုအသီးသီးတို့သည်လည်း မိမိတို့တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသောပါတီကိုသာလျှင် ထောက်ခံဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြမည်မှာကေန်မလွဲဖြစ်ပါသည်။ ထို့ကြောင့် ဇိုမီးမိဘပြည်သူများအနေဖြင့်လည်း ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မယ့် မိမိတို့လူမျိုးကိုကိုယ်စားပြုသည့် ဇိုမီးအမျိုးသားပါတီကိုသာ ထောက်ခံဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြပါရန် ကျွန်မအနေဖြင့် အလေးအနက်ထားနှိုးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဒိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး) အကြိမ် ၃၀ မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း အခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၃**

အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထား ကိုးကွယ်အပ်သော ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ အကြိမ် ၃၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားပထမပိုင်းကို စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋီတိုက်တော်တွင် ကျင်းပရာ စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီအားရည်မှန်း၍ ဆရာတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်ပြီး စွယ်တော်မြတ်နှင့် မုဒြာကိုးမျိုးဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများကိုင်ဆောင်၍ လှည့်လည်ပူဇော်ကပ်လှူကြသည်။

ဆက်လက်၍ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဒုတိယပိုင်း အခမ်းအနား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းကို စွယ်တော်မြတ်စေတီတော်ရင်ပြင်တော်တွင် ဆက်လက်ကျင်းပရာ ဘုရားအမှူးပြုပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်နှင့်တကွ သံဃာတော် ၄၅ ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော်ရတနာစိန်ဖူးတော်၊ရွှေထီးတော်တင်လှူပွဲနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ပြုလုပ်ရာ နိုင်ငံတော် သံဃနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇမ္ဗူအေးအေတီတပ်ဦးကျောင်းဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဇမ္ဗူအေးအေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ အမွေးနံ့သာရည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များ၊ ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များ ယူဆောင်၍ မဟာဗောဓိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ပက်ဖျန်းပူဇော်ကြကာ ဇမ္ဗူအေးအေတီတပ်ဦးကျောင်းဦးစီးပဓာနနာယက ဆရာတော်ထံမှ ရေစက်သွန်းချတရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်တို့ကိုပင့်ဆောင်၍ မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြကာ ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးကြသည်။ ၎င်းနောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်စိုက်ပျိုး၍ ဗောဓိညောင်ရေသွန်းလောင်းကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဉာဏ)**



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၆၄၀ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲ ၉၀၀ အနက် ကျောက်စိမ်းအတွဲ ၆၄၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ) အတွဲအမှတ်(၂၉၀၁)မှ (၃၆၅၀)ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားသည်။

ပြပွဲတွင် အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲ ၅၀၈၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၁၀၀၀ အနက် ကျောက်စိမ်းအတွဲ ၇၅၄ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၁၀၀၀ အနက် ကျောက်စိမ်းအတွဲ ၇၁၆ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၉၀၀ အနက် ကျောက်စိမ်းအတွဲ ၆၄၀ ကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက်ထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယင်းအုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ပြီး ပြည်တွင်းရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့



KK Park နယ်မြေ အပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများ မဖြိုဖျက်မီ တွေ့ရှိရမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေ အပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများ မဖြိုဖျက်မီ တွေ့ရစဉ်။



KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများ ဖြိုချဖျက်ဆီးထားမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များသည် Online လိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့်KK Parkနယ်မြေအတွင်းရှိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော တရားမဝင်အဆောက်အအုံများကို ဝင်ရောက်ရှာဖွေရှင်းလင်းခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ Online လောင်းကစားမှုနှင့် လိမ်လည်မှုများကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများ ဖော်ထုတ်ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီ–မယ်ထော်သလေး(KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၁ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၂၁၇ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၆ ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ အဆောက်အအုံ ၃၃ လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုသည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၆၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ရှစ် ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ကင်ညာနိုင်ငံသား ၁၃ ဦး၊အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား ခြောက်ဦး၊ ယူဂန်ဒါနိုင်ငံသား ခြောက်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ဦးရေ ၂၀၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦး၊ ထိုင်းနိုင်ငံသား ငါးဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား တစ်ဦး၊ ဘီနင်နိုင်ငံသား တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား ရှစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦး၊ စင်ကာပူနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၄၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း အလုံး၂၁၇၅၀၊ Star Link ဗန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၈၈ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၂၅ သို့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးထက်သျှန်ဖြိုးအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ကဖွားဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ(၆) ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၄၀၃ ဧကရှိသောနယ်မြေကို **“ကဖွား ဒီရေတောကြိုးပြင် ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၈/၂၀၂၅)အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက် (၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေး အန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ရန်နှင့် ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့် ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာသိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများကို သစ်တောဥပဒေနှင့်အညီထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးပွားလာစေရန်ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကဖွားဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်(ခ)နံ့ဖြူး၊ ကနစို၊ လန်းဘဲ၊ ကျန၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ သမဲ့၊ မဓမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့် တမော် စသည့် ဒီရေတောပင်များပေါက်ရောက်မှုကို ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဇင်ငှက်၊ ငှက်စလုံ(ဒင်ကျီးငှက်)နှင့် ငှက်တုံးငှက်မျိုးများ ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွားရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်း လောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။


**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**❖ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ (မိုး/ဇလ)




ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူများ၏ အဆောက်အအုံများကို ဝင်ရောက်ရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၄ မှအဆက်**

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၅၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၁၄၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)



ဝတ္ထုတိုကလျာ

# လူပျို

**မနှင်းဖွေး**

**ယမန်နေ့မှအဆက်**

အဒေါ်ကြီးတစ်ယောက်က ပြောပြောင်ငိုငိုနဲ့ လဲကျမလို၊ ပြိုကျမလိုဖြစ်သွားလို့ ကျန်တဲ့အဒေါ်ကြီးတစ်ယောက်နဲ့ ဆရာမက ဖမ်းထိန်းလိုက်ရတယ်။

"သေချာတယ်နော် အဒေါ်"

"သေချာပါတယ်ကွယ်၊ သေချာပါတယ်။ အဒေါ့်တူလေးအစစ်ပါပဲ။ မိတဆိုး၊ ဖတဆိုးလေးပါ။ အဒေါ့်လက်ပေါ် ကြီးလာတဲ့ကလေးပါ။ ဘယ်လိုဖြစ်လို့ ဒီကိုရောက်နေရတာလဲကွယ်"

"ဒီဘော်ဒီက ဟိုနာနတ်တော မီးရထားခုံးအောက်မှာ ဆေးထိုးအပ်တန်းလန်းနဲ့ သေနေတာတွေ့လို့တဲ့။ ရဲနဲ့ရပ်ကွက်က လူတွေလာပို့သွားတာ "

"ဘုရားရေ..."

"အဒေါ်တို့ ကံကောင်းတယ်။ အဒေါ်တို့ ဒီနေ့သာရောက်မလာရင် တွေ့ရတော့မှာမဟုတ်ဘူး။ မနက်ဖြန်ဆို ကျွန်တော်တို့က ထိန်ပင်ကို မီးသင်္ဂြိုဟ်ဖို့ ပို့လိုက်တော့မှာ။ ပိုင်ရှင်မဲ့တွေကို အနောက်ပိုင်းဆေးရုံမို့လို့ တစ်ပတ်ထားပေးတာ။ရန်ကုန်ဆေးရုံကြီးမှာဆို တစ်နေ့တစ်နေ့ရောက်လာတဲ့ ပိုင်ရှင်မဲ့တွေကများလွန်းလို့ လွန်ရောကျွံရောထား ငါးရက်ပဲ"

ဇင်ပြာပုဂ္ဂိုလ်က လေရှည်ရှည်နဲ့ ရှင်းပြနေသေးတယ်။ နောက်တော့ သူတို့မြန်မြန်ပဲ အပြင်ပြန်ထွက်သွားကြပါတယ်။ ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ဖို့ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ တိုင်ပင်ပြီး စီစဉ်ကြမှာပေါ့။ ပိုင်ရှင်ပေါ်သွားပြီကိုး။ ကောင်းပါလေ့။

နောက်နေ့မနက်ကျတော့ တံခါးကျွီခနဲပွင့်လာပြီး ကျုပ်တို့အရွယ်လူတစ်ယောက်နဲ့ ဆေးရုံဝန်ထမ်းတွေဝင်လာပြန်တယ်။ ပြီးတော့ ပိုင်ရှင်မဲ့ဆိုတဲ့ ကျုပ်တို့ အခြမ်းဘက်ကို လျှောက်လာတယ်။

"အသက် ၇၈ နှစ်ဆိုတော့ အဘိုးကြီးလား"

ဇင်ပြာဝန်ထမ်းက ဖုံးထားတဲ့ပလတ်စတစ်စကို ဖယ်ပြီးပြတော့ ဟိုလူက လည်ပင်းလေးဆန့်ထုတ်ပြီး လှမ်းကြည့်တယ်။

"ဟာ... ဟုတ်တယ်၊ ဟုတ်တယ်။ ဒါ ကျွန်တော့်အဖေပဲ သေချာတယ်။ အဖေပဲ"

သူ့ခများ အသံတွေ ဘာတွေ တုန်သွားတယ်။

"ရောက်နေတာ လေးရက်ရှိသွားပြီ။ စမ်းချောင်းအောင်ချမ်းသာရေမြောင်းဘေးက တွေ့လာတယ်ဆိုလားပဲ"

"အဖေက သိပ်စိတ်မမှန်ဘူးဗျာ။ ပြီးတော့ သွေးတိုးကော၊ နှလုံးကော၊ ဆီးချိုကောရှိတယ်။ ခက်တာက ကျွန်တော်တို့လင်မယားအလုပ်သွားရင် သူ့ကို အိမ်မှာတစ်ယောက်ထဲထားခဲ့ရတာ။ မထားလို့ကလဲမဖြစ်။ သူ့ကို ကြည့်ပေးမဲ့လူကလဲမရှိ။ အဖေက ကောင်းချင်တဲ့အချိန်ကောင်းနေပြီး တစ်ချက်တစ်ချက် အဲဒီလိုပဲ အိမ်က ထွက်ထွက်သွားတာ။ ဖြစ်ရလေ အဖေရာ"

ပိုင်ရှင်ပေါ်သွားပြန်ပြီ တစ်လောင်း။

သြော်... သူများတွေမတော့ သက်ဆိုင်သူတွေက လာလာရှာကြလို့ ပိုင်ရှင်တွေ ပေါ်ပေါ်သွားကြပြီ။ ကျုပ်ကိုကျတော့ ဘယ်သူမှ လာမရှာကြပါလား။ ကျုပ်က ပိုင်ရှင်မဲ့မဟုတ်ဘူးဗျ။ ပိုင်ရှင်ရှိတယ်။ ရှိတာမှ တစ်ယောက်တောင် မဟုတ်ဘူး။ နှစ်ယောက်ဗျ။ နှစ်ယောက်။ ရန်ဖြစ်ထားတာက ထားတာပေါ့။ ကိုယ့်ယောကျ်ား လေးငါးရက်လောက်ပျောက်နေတာ ရှာပါတော့လား။ စုံစမ်းပါတော့လား။ အတော်နေနိုင်တဲ့ဟာတွေ။

အဲဒီလိုနဲ့ ကျုပ်တို့ကို ဆေးရုံမှာထားတဲ့ နောက်ဆုံးရက် ရောက်လာတယ်ထင်ပါရဲ့။ အအေးခန်းဘေးမှာ ရုတ်ရုတ်သဲသဲနဲ့ လူသံသူသံတွေကြားလာရတယ်။ သူတို့အပြောအရ တစ်ပတ်ပဲထားတယ်ဆိုတာကိုး။ အခုတစ်ပတ်ပြည့်သွားပြီထင်တယ်။

ဆူညံ ဆူညံ ပြောဆိုသံတွေ ကြားရပြီး လူတချို့အခန်းထဲကိုရောက်လာတယ်။ ပြီးတော့ ကျုပ်တို့ကို ကတ်နဲ့သယ်ပြီး ကားတစ်စီးပေါ်တင်တယ်။ ကျုပ်တို့ဆိုတာ ပိုင်ရှင်မပေါ်တဲ့အလောင်းငါးလောင်းဗျ။ အမှိုက်ပုံးဘေးကကောက်လာတာလို့ ဝန်ထမ်းတွေပြောတဲ့ သူတောင်းစားမကြီး အလောင်းလဲပါရဲ့။ ချက်ကြိုးတန်းလန်းနဲ့ မွေးကင်းစကလေး အလောင်းလေးလဲပါရဲ့။ ကားကတော့ အနောက်ပိုင်းဆေးရုံကကားမဟုတ်ဘူး။ ပရဟိတအဖွဲ့ပိုင်ကားတဲ့။

ကျုပ်တို့ကို အဲဒီကားကြီးနဲ့ ထိန်ပင်သုသာန်ကို သယ်လာကြတယ်။ ထိန်ပင်ရောက်တော့ ကျုပ်က ကျုပ်ခန္ဓာကိုယ်ပေါ်ကခဏခွာပြီး ဟိုဟိုဒီဒီ လျှောက်သွားကြည့်မိတယ်။

အို... မစည်ကားသင့်တဲ့ အရပ်ပေမဲ့ စည်ကားလိုက်တာမှ အုတ်အုတ်ကျက်ကျက်ကိုနေတာပဲ။ နည်းနည်းနောနောလူတွေလား။ ငိုတဲ့သူကငို၊ တက်တဲ့သူကတက်၊ ယပ်တောင်တဖျပ်ဖျပ်ခတ်ပြီး နှစ်သိမ့်သူကနှစ်သိမ့်။ ယပ်တောင်ဝေတဲ့သူကဝေ၊ ရေသန့်ပေးတဲ့သူကပေး။

လူတွေရဲ့မျက်နှာ လျှောက်ကြည့်တော့လဲ အရိပ်အယောင်က အမျိုးမျိုး။ တချို့က မျက်နှာမသာမယာ၊ တချို့က ဝတ်ကျေတမ်းကျေ၊ တချို့က ကွဲကွာနေတာကြာပြီး အသုဘပို့မှ အမှတ်မထင်ပြန်ဆုံတွေ့လို့ ဝမ်းသာအားရ၊ တချို့က အချင်းချင်း စကားတွေဖောင်၊ တချို့က ငူတူတူ ငေးတေးတေး၊ တချို့ကလဲ လက်ကိုင်ဖုန်းကြည့်မပျက်၊ တချို့ကျတော့ ခဏလာထိုင်၊ ယပ်တောင်နဲ့ ရေဘူးယူပြီး ကားပေါ် ကမန်းကတန်းပြန်တက်သွား။

အသုဘရှုခန်းမမှာ တစ်လောင်းဝင် တစ်လောင်းထွက်။လူတွေကလဲ တစ်သုတ်ဝင်တစ်သုတ်ထွက်။ အဲဒီအထဲမှာ ကျုပ်စိတ်အဝင်စားဆုံးကတော့ ခန်းမကျယ်(၁)က အသုဘပဲဗျို့။ မျက်နှာကြီးထဲကနဲ့ တူပါတယ်ဗျာ။ ခေါင်းရင်းမှာ များလိုက်တဲ့ ပန်းခွေတွေ၊ ပန်းခြင်းတွေ၊ ပန်းစည်းတွေဆိုတာ။ လိုက်ပို့တဲ့ ပရိသတ်ကလဲ ခန်းမကို လျှံထွက်နေတာပဲ။ တချို့များ ထိုင်စရာထိုင်ခုံမရလို့ မိုးတိုးမတ်တတ်ရပ်နေရတယ်။

ထူးခြားတာက ပရိသတ်နှစ်ခြမ်းကွဲနေသလိုပဲ။ အလောင်းစင်ရဲ့ဘယ်ဘက်ခြမ်းမှာ နေရာယူတဲ့ ပရိသတ်ကသတ်သတ်၊ ညာဘက်ခြမ်းမှာနေရာယူတဲ့ ပရိသတ်ကသတ်သတ်။ အလောင်းပြင်ထားတာက အလယ်မင်းလမ်းထိပ်မှာ မှန်ခေါင်းနဲ့ တခမ်းတနား။

ညာဘက်ထိပ်မှာ ထိုင်နေတဲ့ အသက် ၅၀ ကျော်အရွယ် အမျိုးသမီးကြီးက ထိုင်ရာကနေ မှန်ခေါင်းရဲ့ ညာဘက်ခြမ်းကို ကပ်သွားပြီးငိုရှာတယ်။

"အမယ်လေး ... ကျေးဇူးရှင်ကြီးရဲ့။ ဒီမိသားစုကို တကယ်ထားသွားရက်ပြီလား။ ဘာဖြစ်လို့များ မပြောမဆို မမှာမကြားရုတ်တရက်ကြီး ထွက်သွားရတာလဲ။ ဘယ်လိုပဲ တရားနဲ့ဖြေဖြေ မပြေနိုင်ပါဘူးရှင်။ ခုတော့ ရွှေတောင်ကြီးပြိုပါပေါ့လား အဖေကြီးရေ"

အဲဒီအမျိုးသမီးကြီးကို ယပ်ခတ်တဲ့သူခတ်၊ ရေမွှေးဆွတ်ထားတဲ့ လက်ကိုင်ပဝါ ပေးတဲ့သူပေး။ သူ့ဘေးမှာရပ်ပြီး တရှုပ်ရှုပ်ငိုနေတဲ့ မိန်းမရွယ်လေးနှစ်ယောက်ကလဲ ငိုနေရင်းက –

"မေမေ သတိထားနော်၊ မေမေ သတိထားနော်" နဲ့ဖေးမလို့။ တော်တော်ကြီးငိုပြီးမှ အဲဒီအမျိုးသမီးကြီးကို ထိုင်ခုံဆီတွဲခေါ်သွားတယ်။ အဲ... အဲဒီအချိန်မှာ ဘယ်ဘက်ခြမ်းထိပ်မှာ ထိုင်နေတဲ့အနက်ရောင်ဇာဝမ်းဆက်နဲ့ ဖြူဖြူချောချော တောင့်တောင့်ဖြောင့်ဖြောင့် အသက် ၃၀ အရွယ် အမျိုးသမီးက ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ကို လက်ဆွဲပြီး အလောင်းစင်ဘယ်ဘက်ဘေး ကပ်လာပြန်တယ်။ မှန်ခေါင်းပေါ် လက်ကလေးတင်ပြီး မချိတင်ကဲ ငိုပြန်ပါလေရော။

"ကိုကြီးရေ၊ ကိုကြီးရဲ့။ မူလေးတို့ သားအမိကို ဘယ်တော့မှ ပစ်မသွားဘူးဆို။ တစ်သက်လုံး စောင့်ရှောက်သွားမှာဆို။ မျက်စိအောက်ကလဲ အပျောက်မခံနိုင်ပါဘူးဆို။ သားလေးကိုလဲ နိုင်ငံခြားထိပို့ပြီး ပညာတွေသင်ပေးအုံးမှာဆို။ ခုတော့... ခုတော့ မူလေး ဘယ်လိုဖြေရမလဲ ကိုကြီးရဲ့"

အဲဒီအမျိုးသမီးကိုလဲ သူ့အရွယ် အမျိုးသမီးတွေဝိုင်းလာပြီး ယပ်ခတ်ပေးကြ၊ မျက်နှာပေါ်၊ နဖူးပေါ်ဝဲကျလာတဲ့ ဆံပင်တွေကိုသိမ်းပေးကြ၊ ပခုံးဖက်ပြီး နှစ်သိမ့်ကြနဲ့။

အလို့... တယ်ဟုတ်ပါလား။ ဒီပုဂ္ဂိုလ်ကြီးကလဲ ကျုပ်လို နှစ်ယောက်သမားပဲကိုး။ အင်း... ဒါပေမဲ့ သူနဲ့ကျုပ်နဲ့ကတော့ ဘဝချင်းကွာတာပေါ့ ။ သူ့မှာတော့ ငိုယိုတဲ့သူနဲ့၊ လွမ်းတတဲ့သူနဲ့။ ဘယ်လောက် မြိုင်ဆိုင်လိုက်သလဲ။ ဘယ်လောက်ဝေဆာလိုက်သလဲ။ သေတာတောင် ပျော်စရာကြီး။ ကျုပ်မှာတော့ဖြင့် ဟင်း... ပြောမပြောချင်ဘူး။ အိမ်ကမိန်းမတွေ ခေါ်ပြချင်တယ်။ နမူနာယူစေချင်တယ်။ တွေ့လား။ သူများတွေ ဘယ်လို ဘယ်လိုဆိုတာ။

အင်း... တစ်ခုတော့ ရှိပါတယ်လေ။ သူတို့တွေ ဘယ်လောက်ပဲငိုငို၊ ဘယ်လောက်ပဲလွမ်းလွမ်း၊ ပန်းခွေပန်းခြင်းတွေ ဘယ်လောက်များများ၊ အချိန်ကျလာတော့လဲ သူတို့ချစ်တဲ့သူကြီးကို ခန်းမကနေ မီးသင်္ဂြိုဟ်စက်ဆီအရောက်ပို့ ကိစ္စပြီးတာနဲ့ အားလုံးသုတ်သုတ်သုတ်သုတ် ကားပေါ်ပြန်တက်၊ အသီးသီးပြန်ထွက်သွားကြတာပါပဲ။ ဘယ်သူကမှ တစ်ယောက်တလေမှချန်ရစ်မနေပါဘူး။ အကြီးလဲ မနေခဲ့ပါဘူး။ အငယ်လဲ မနေခဲ့ပါဘူး။

ညနေလဲ စောင်းပြီဆိုတော့ လူကုန်သလောက်ရှိသွားပါပြီ။ သုသာန်မှာ ဝန်ထမ်းအလုပ်သမားတချို့ကလွဲလို့ အပြင်လူ ဘယ်သူမှမရှိတော့ဘူး။ လှည်းတွန်းသံ တဂျောင်းဂျောင်း၊ ပစ္စည်းပစ္စယ သိမ်းသံ တဂျိုင်းဂျိုင်းကတော့ ကျယ်တယ်။ လူသံသူသံတော့ သိပ်မကြားရတော့ဘူး။

လာပြီဗျို့။ ဒီတစ်ခါ ကျုပ်တို့ပိုင်ရှင်မဲ့တွေကို သင်္ဂြိုဟ်ဖို့အလှည့်ပဲ။ မီးသင်္ဂြိုဟ်စက်ကြီးထဲထည့်မှာလေ။ မီးရှို့ပစ်မှာလေ။ သေပြီးမှတော့ ဘာလုပ်တော့မှာလဲ။ ရန်ကုန်ဆေးရုံကြီးက အလောင်းတွေကတော့ဦးစားပေးအဆင့်တဲ့။ မီးထဲကို တစ်လောင်းပြီးတစ်လောင်းထိုးထည့်၊ တွန်းထည့်နေတာ အများကြီးပဲ။ သူတို့ပြီးအောင် တော်တော်စောင့်ရတယ်။ ကျုပ်တို့အလှည့်တော့ နီးလာပါပြီ။

"အမယ်လေး... နေကြပါအုံးရှင်၊ နေကြပါအုံး မသင်္ဂြိုဟ်လိုက်ကြပါနဲ့အုံး။ ကျွန်မယောကျ်ားကိုအောင်ဘွား မျက်နှာလေးကို နောက်ဆုံးအနေနဲ့ ကြည့်ပါရစေအုံး"

အမောတကောပြေးလာပြီး အဲဒီလိုပြောမဲ့ သူများပေါ်လာမလားလို့ ကျုပ် မျှော်မိသေးတယ်။ မလာပါဘူးဗျာ။ မလာပါဘူး။ ဘယ်မိန်းမမှ ပေါ်မလာဘူး။ ရှေ့တစ်လောင်းပြီးရင် ကျုပ်အလှည့်။

ဘယ်သူမှလဲ လိုက်မပို့ဘူး။ ဘယ်သူမှလဲ မငိုဘူး။ ဘာပန်းခွေ၊ ဘာပန်းခြင်းမှလဲမပါဘူး။ ကိုယ့်နာမည်နဲ့ ယပ်တောင်လေးတစ်ချောင်းတောင်မှ မကျန်ဘူး။ ဆိုတော့ကာ တတ်နိုင်ပါဘူးလေ။

ကဲ...သွားပြီဗျို့။ သွားပြီ။ တစ်ကိုယ်တော်ပဲ။ တစ်ယောက်ထဲပဲ။ တစ်ပွေထဲပဲ။ ဘာအနှောင်အဖွဲ့မှမရှိတော့ လွတ်လွတ်လပ်လပ်ပဲ။ လွတ်လပ်ဆိုကျုပ်က "လူပျို"လေ။ ဟဲ... ဟဲ...။

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၇၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၇၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ကုလားပဲ ကေ ၉၂၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၁၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံတွေအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။(၂၀၆)

# ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၆၇၃ ကေစိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၆၇၃ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၆၇၃ ကေ စိုက်ပျိုးမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပုသိမ်ခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၁၇၃၉ ကေ၊ ကန်ကြီးထောင့်မြို့နယ်တွင် ကေ၂၄၃၀၊ သာပေါင်းမြို့နယ်တွင် ၄၅၇၉ ကေ၊ ငပုတောမြို့နယ်တွင် ၅၉၂၅ ကေစုစုပေါင်း ၁၄၆၇၃ ကေ တို့ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်မှာ ဟင်းသီးဟင်းရွက်ကေ ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့ရှိပါတယ်။ တောင်သူတွေ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့ သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ကို ဦးစားပေးဆောင်ရွက်နေပါတယ်။ တောင်သူတွေစိုက်ပျိုးမဲ့ သီးနှံတွေ



ယခင်နှစ်က တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ပိုးမွှားရောဂါ ကင်းရှင်းစေဖို့အတွက်လဲ အခြားနည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ် "ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဟင်းသီးဟင်းရွက်စုံ လျာထားကေအတိုင်း စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက် ၁၄၆၇၃ ကေတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် ဇွန်ပြွန်းကုန်း(ထန်းတောကြီး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်ပြွန်းကုန်း (ထန်းတောကြီး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ဇွန်ပြွန်းကုန်း (ထန်းတောကြီး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဇွန်ပြွန်းကုန်း (ထန်းတောကြီး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဇွန်ပြွန်းကုန်း (ထန်းတောကြီး)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ရန်ပုံငွေကျပ် ၄၆ သိန်း ၃ သိန်း ထုတ်ချေးပေးထားကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# တိုက်ကြီးမြို့နယ် ဆိတ်သာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစစ်ဆေး

**တိုက်ကြီး နိုဝင်ဘာ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆိတ်သာကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆိတ်သာကျေးရွာ၌ အရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်သိန်းနှစ်ရာ စုစုပေါင်းငွေကျပ် သိန်း ၃၅၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသူ၊ ကျေးရွာသားများ၏ လမ်းပန်းဆက်သွယ်ရေးလွယ်ကူ အဆင်ပြေမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်ထံမှ သိရသည်။ **အထွေး**

# နတ်မောက်မြို့နယ် သရက်ချဉ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်ချဉ်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက သရက်ချဉ်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်းကို ကျေးရွာ ကော်မတီဝင်များထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သရက်ချဉ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄၃ ဦးကို ဆဋ္ဌမအကြိမ် ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**ကိုညို**

# သတိပြုရှောင်ရှား အွန်လိုင်းလောင်းကစား

**လင်းလက်**

**အွန်လိုင်းလောင်းကစား**

လောင်းကစားဆိုသည်မှာ ငွေကြေးအလျော်အစားပါသည့် ကစားမှုဟု မြန်မာအဘိဓာန်တွင် တွေ့ရသည်။ မြန်မာလူမှုပတ်ဝန်းကျင်တွင် တစ်ချိန်က လောင်းကစားခြင်းနှင့်စပ်လျဉ်း၍ မြင်းလောင်းခြင်း၊ ဖဲရိုက်ခြင်း၊ ကြက်တိုက်ခြင်း တို့ကဲ့သို့သော လောင်းကစားများ ခေတ်စားခဲ့သည်။ ထိုမှ တစ်ဆင့်တက်၍ ဘောလုံးပွဲများ၌ အနိုင်အရှုံးကိုကြိုတင် ခန့်မှန်းကာ ငွေကြေးဖြင့် အလောင်းအစားပြုလုပ်မှုတွင်ကျယ်လာပြန်သည်။ ကိုယ်တိုင်မျက်မြင်ဒိဋ္ဌ ကြည့်ရှုအားပေးရသည့် ရပ်ကွက်ဘောလုံးပွဲများတွင် အလောင်းအစားပြုလုပ်ရာမှ မြို့နယ်ပွဲများ၊ ခရိုင်ပွဲများ၊ တိုင်းပွဲများ၊ နိုင်ငံခြားပွဲများထိ လောင်းကစားပြုလုပ်လာကြသည်။ ထိုမှတစ်ဖန် ပရီးမီးယားလိဂ်ကဲ့သို့သော နိုင်ငံတကာဘောလုံးပွဲများကို တီဗီမှ စောင့်ကြည့်၍ ငွေကြေးဖြင့် အလောင်းအစားပြုလုပ်သည်ထိ ဖြစ်လာကြသည်။ ကားရောင်း၊ အိမ်ရောင်း၊ ခြံရောင်းစသည့် အရှုံးဇာတ်လမ်းများက ပို၍ပို၍ တိုးလာခဲ့သည်။

ဘောလုံးဆိုသည့် အားကစားကို လောင်းကစားသမားများ၏ စကားဖြင့် တစ်လုံးဟုခေါ်ခဲ့ကြသည်။ တစ်လုံး(ဘောလုံး)လောင်းကစားမှသည် ထိုင်းနှစ်လုံး၊ သုံးလုံးချဲထီများကလည်း မြန်မာလူမှုကွန်ရက်အတွင်းသို့ မရောက်သင့်ဘဲ ရောက်လာခဲ့ပြန်သည်။ မြို့ရော တောပါမကျန် လူတန်းစားအသီးသီး ဒုက္ခရောက်ကြပြန်သည်။ နှစ်လုံးထီထွက်ပြီးမှ ထမင်းချက်မည်ဆိုသော လူများပင်ရှိလာခဲ့သည်။ ယခင်ခေတ်က မြင်းလောင်းခြင်း၊ ဖဲကစားခြင်းကဲ့သို့သော လောင်းကစားများမှာမူ ချမ်းသာသော အသိုင်းအဝိုင်းတွင်သာ ခေတ်စားခဲ့သည်။ ယခုခေတ်စားသော နှစ်လုံး၊ သုံးလုံးချဲထီဆိုသည်တို့သည် တစ်ရာဖိုး၊ နှစ်ရာဖိုး စသည်ဖြင့် ကွမ်းဖိုးသာသာ ထိုးနိုင်ပါသည်ဆိုသည့်အချက်က လူတန်းစားအလွှာ အသီးသီးကို ဒုက္ခပေးနိုင်ခြင်းဖြစ်သည်။ နည်းပညာတိုးတက်မှုနှင့်အတူ စမတ်ဖုန်းများက လူတိုင်းလက်အတွင်း၌ ရောက်ရှိလာခဲ့သည့်အချိန်တွင် အွန်လိုင်းမှတစ်ဆင့် ဖဲကစားခြင်း၊ ဘောလုံးလောင်းခြင်း၊ ချဲထီထိုးခြင်း စသည့်လောင်းကစားပေါင်းစုံကို ရောက်ရာနေရာကနေ ဆောင်ရွက်နိုင်သည်။ ထို့ပြင် အင်တာနက်ဝန်ဆောင်မှုနှင့် အွန်လိုင်းငွေကြေးဝန်ဆောင်မှုများကလည်းရှိနေပြန်ရာ လောင်းကစားခြင်းဟူသည် မိမိတို့နှင့် မစိမ်းသောအရာများဖြစ်လာနေပြီဖြစ်သည်။

**အွန်လိုင်းလောင်းကစား ဘာကြောင့်ရေပန်းစားလဲ**

ဖဲကစားမည်ဆိုပါလျှင် ဖဲဝိုင်းတစ်ဝိုင်းအတွက် ကစားနိုင်သည့် လူအရေအတွက်ပြည့်အောင် စုကြရသည်။ ဘယ်အချိန်လာဖမ်းမည်မသိသော ရဲကိုလည်း ကြောက်ရသဖြင့် လူမသိသူမသိတိတ်ဆိတ်သော ရပ်ဝန်းကိုရှာဖွေရပြန်သည်။ နှစ်လုံး၊ သုံးလုံးချဲထီ ထိုးချင်ပါသည် ဟုဆိုပါလျှင်လည်း ရောင်းမည့်သူကို ရှာရပြန်သည်။ ရောင်းသူကလည်း ထင်ထင်ပေါ်ပေါ်မရောင်းရဲပေ။ အကြောင်းတိုက်ဆိုင်၍ မိမိထိုးသော ဂဏန်းဖြစ်ခဲ့ပါသည်ဟု ဆိုပါလျှင်လည်း အလျော်မရဖြစ်နိုင်သေးသည်။ ထိုနည်းတူစွာပင် ဘောလုံးပွဲလောင်းလိုပါကလည်း ဘောလုံးပွဲရာသီ သို့မဟုတ် ဘောလုံးပွဲရှိမှဖြစ်နိုင်သည်။ မဖြစ်မနေကစားလိုပါကလည်း လူစုရသည့် ဒုက္ခ၊ ကွင်းရှာရသည့်ဒုက္ခ၊ လောင်းကြေးညှိရသည့်ဒုက္ခ စသည်စသည် ဒုက္ခပေါင်းစုံရှိနိုင်သည်။

> ❖ လူတို့၏လောဘသည် ကြောက်မက်စရာကောင်းလှပေသည်။ အွန်လိုင်းဂိမ်းများကလည်း လူတို့၏လောဘကိုနှိုးဆွကာ ပုံစံအမျိုးမျိုးဖြင့် မြှူဆွယ်စည်းရုံးနေကြခြင်းဖြစ်သည်။ လောင်းကစားမှုတိုင်းတွင် မိမိ၏အိတ်ကပ်အတွင်းမှ ငွေကိုအရင်ပေးလိုက်ရသည်ကို လူတို့သတိမမူမိကြခြင်းပင်ဖြစ်သည်။ ထို့ပြင် ငွေကြေးကုန်ကျခံ၍ အရှုံးခံကာ ဆော့ဖ်ဝဲဖန်တီး၍ အွန်လိုင်းဂိမ်းကို ဖန်တီးမည့်သူမရှိနိုင်ပေ။ မိမိတို့အတွက် အချိန်နှင့်ငွေကြေးကုန်ကျခံ၍ ဆော့ကစားနေသော မိမိတို့ကမှားနေသည်ကို မြင်မိကြဖို့လိုသည်။ လောဘကြောင့် မည်သူက မည်မျှအနိုင်ရသည်ဆိုသော သတင်းမှားများနောက်တွင် ကောက်ကောက်ပါအောင် လိုက်မိကြမည်ဆိုပါက အရှုံးနှင့်သာ ရင်ဆိုင်ကြဖို့ရှိသည်။ ❖

အွန်လိုင်းလောင်းကစားများမှာမူ ထိုကဲ့သို့မဟုတ်ပေ။ မိမိလက်အတွင်း၌ စမတ်ဖုန်းတစ်လုံးရှိရန်သာလိုသည်။ ငွေကြေးအတွက်ကလည်း အွန်လိုင်းငွေကြေးဝန်ဆောင်မှုအမျိုးမျိုးဖြင့် လောင်းကစားပြုလုပ်နိုင်သည်။ ရပ်ကွက်အတွင်း၌ မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်သည့်အခြေအနေပင်ဖြစ်သည်။ အွန်လိုင်းငွေကြေးဝန်ဆောင်မှုဆိုသည်မှာ လူတို့၏ငွေကြေးပေးချေမှုများတွင် ဖြစ်ပေါ်လာနိုင်သည့် ဒုက္ခများကို သက်သာလျော့ပါးစေရေး ဖန်တီးခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ယခုအခါ မသမာသူများအတွက် အွန်လိုင်းဂိမ်းများ၏ အဓိကသော့ချက်ဖြစ်နေသည်။ လူတိုင်းလောင်းကစားပြုလုပ်နိုင်ရန် ဖန်တီးပေးသကဲ့သို့ဖြစ်နေသဖြင့် မိမိတို့၏အိမ်၌ လူတစ်ဦး စမတ်ဖုန်းတစ်လုံးဖြင့် ငြိမ်နေသည်ဟုဆိုပါလျှင် ကြောက်ရသည့် ခေတ်သို့ရောက်နေပြီဖြစ်သည်။

**စလော့ဂိမ်းများ**

လူတို့၏လောဘသည်ကြောက်မက်စရာကောင်းလှပေသည်။ အွန်လိုင်းဂိမ်းများကလည်း လူတို့၏လောဘကိုနှိုးဆွကာ ပုံစံအမျိုးမျိုးဖြင့် မြှူဆွယ်စည်းရုံးနေကြခြင်းဖြစ်သည်။ လောင်းကစားမှုတိုင်းတွင် မိမိ၏အိတ်ကပ်အတွင်းမှ ငွေကိုအရင်ပေးလိုက်ရသည်ကို လူတို့သတိမမူမိကြခြင်းပင်ဖြစ်သည်။ ထို့ပြင် ငွေကြေးကုန်ကျခံ၍ အရှုံးခံကာ ဆော့ဖ်ဝဲဖန်တီး၍ အွန်လိုင်းဂိမ်းကို ဖန်တီးမည့်သူမရှိနိုင်ပေ။ မိမိတို့အတွက် အချိန်နှင့် ငွေကြေးကုန်ကျခံ၍ ဆော့ကစားနေသော မိမိတို့က မှားနေသည်ကို မြင်မိကြဖို့လိုသည်။ လောဘကြောင့် မည်သူက မည်မျှအနိုင်ရသည်ဆိုသော သတင်းမှားများနောက်တွင် ကောက်ကောက်ပါအောင် လိုက်မိကြမည်ဆိုပါက အရှုံးနှင့်သာ ရင်ဆိုင်ကြဖို့ရှိသည်။ လောင်းကစားဆိုသည်က နိုင်ရန်မသေချာသည်ဟု ဆိုပါလျှင် အွန်လိုင်းလောင်းကစားက ပို၍ပင်ဆိုးနိုင်သည်။ နိုင်သည်ဟုထားပါဦးမိမိအနိုင်ရသည့် ငွေကိုပြန်ပေးမည်၊ ပြန်လွှဲပေးပါမည်ဟု မည်သူက အာမခံပါမည်နည်း။

အချိန်တိုအတွင်း ငွေကြေးအမြောက်အမြားကို အလောင်းအစားပြုလုပ်နိုင်သော အွန်လိုင်းလောင်းကစားတစ်မျိုးမှာ စလော့ဂိမ်းများပင်ဖြစ်သည်။ ကလစ်တစ်ချက် သို့မဟုတ် ဖုန်းကို လက်ဖြင့်တစ်ချက်ထိလိုက်တိုင်းတွင် မိမိ၏ အကောင့်အတွင်းမှ ငွေကြေးအမြောက်အမြားပါသွားနိုင်သည်။ ပြန်ရသောငွေက များနိုင်သည်ဆိုသော မြှူဆွယ်မှုကိုပေးထားသဖြင့် လိုက်ရင်း လောင်းရင်းနှိပ်ရင်းဖြင့် ဒုက္ခပင်လယ်တွင် မျောရသည့်ဘဝများကိုလည်း စိတ်မကောင်းစွာကြားနေရသည်။ စလော့ဂိမ်းကစား၍ ချမ်းသာသောသူဟူ၍ မကြားဖူးပေ။ စလော့ဂိမ်းကြောင့် ဘဝပျက်ရ၊ ဒုက္ခရောက်ရသူများ၏ သတင်းကိုပင်ကြားနေရသည်။ မိမိတို့၏အုပ်ထိန်းမှုအောက်တွင်ရှိသော ကလေးသူငယ်များလက်အတွင်း ဖုန်းတစ်လုံးရှိနေသည်ဟုဆိုပါက မိဘအုပ်ထိန်းသူများအနေဖြင့် လွှတ်ထား၍ မရတော့ပေ။ အွန်လိုင်းဂိမ်းများ၊ လောင်းကစားများ ဆောင်ရွက်နေခြင်း ရှိ၊ မရှိကို သတိထားရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ငွေကြေးအမြောက်အမြားပါသွားနိုင်ပြီး ဒုက္ခပင်လယ်ဝေနိုင်သည်ကို သတိပြုမိရန်လိုသည်။

**ဘယ်လိုရှောင်လွှဲရမလဲ**

စမတ်ဖုန်းများ ခေတ်စားနေသည့်အချိန်တွင် အွန်လိုင်းဂိမ်းများကို ရှောင်လွှဲ၍မလွယ်ကူလှသဖြင့် လူငယ်များ ကစားနေကြခြင်းဟု အလွယ်ဆိုနိုင်သည်။ သို့ရာတွင် မိမိစိတ်ကသာ အဓိကဖြစ်သဖြင့် ရှောင်လွှဲနိုင်သည့် နည်းလမ်းရှိနေမည်သာဖြစ်သည်။ အွန်လိုင်းလောင်းကစားများကို စွဲလမ်းသွားကြမှု၏ အစက စမ်းသပ်သုံးစွဲမှုနှင့် လောဘတို့ကြောင့်ပင်ဖြစ်သည်။ မိမိကြိုးစားအားထုတ်မှုမရှိဘဲ ဘယ်အရာမှ အလကားမရနိုင်ဆိုသည့်စိတ်ကို မွေးမြူထားဖို့လိုသည်။ လောက၌ အရာရာတွင် အပေးမရှိဘဲ အယူမရှိနိုင်ပေ။ ထိုစိတ်ကိုသာ မွေးမြူထားနိုင်မည်ဆိုပါက လောဘစိတ်ကိုလည်းပယ်ထားနိုင်ပြီး အွန်လိုင်းလောင်းကစားများ၏ မြှူဆွယ်မှုကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

အွန်လိုင်းဂိမ်းများ၏ အန္တရာယ်မှ ရှောင်ရှားနိုင်ရေး အရေးကြီးဆုံးအချက်မှာ အွန်လိုင်းလောင်းကစားများအပါအဝင် လောင်းကစားဟူသမျှ အရေးယူခံရနိုင်သည်ဆိုခြင်းပင်ဖြစ်သည်။ မိမိတို့ထက် နည်းပညာမြင့်မားစွာ အသုံးပြုနိုင်ပါသည်ဆိုသည့် ပညာရှင်များသည်ပင် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ဖမ်းဆီးမှုကို မရှောင်လွှဲနိုင်ကြပေ။ မိမိတို့နိုင်ငံတွင်လည်း အွန်လိုင်းလောင်းကစားဟူသမျှကို ဖော်ထုတ်အရေးယူဆောင်ရွက်နေသည်ကို သတိပြုမိရန်လိုသည်။ အပျော်အဖြစ်ကစားရာမှ အပျက်ဖြစ်ကာ ဖမ်းဆီးထိန်းသိမ်းခံရပြီး ထောင်ချခံရမည်ဆိုပါက ငွေလည်းရှုံးဘဝလည်းပျက်ဖြစ်နိုင်သည်။ ကောင်းကျိုးဟူသမျှ လုံးဝမရှိနိုင်သည့်အတွက် မည်သည့် အကြောင်းနှင့်မျှ အွန်လိုင်းလောင်းကစားခြင်းအမှုကိုမပြုကြရန် တားမြစ်နေရခြင်းဖြစ်သည်။

**အပြစ်ခြောက်ပါး ကင်းစေဖို့**

လောင်းကစားဟူသည့် ခေါင်းစဉ်အောက်တွင် အွန်လိုင်းလောင်းကစားအပါအဝင် မည်သည့်နည်းစနစ်ဖြင့် လောင်းကစားပြုကြသည်ဖြစ်စေ အကျိုးမရှိနိုင်ပေ။ လောင်းကစားခြင်းကို ခုံမင်မိသူသည် ဥစ္စာဆုတ်ယုတ်ခြင်း ဒုက္ခကိုသာခံစားရမည်မဟုတ် လောင်းကစားမှုပြုလုပ်ရန် ငွေမရှိသည့်အခါ မသမာသောနည်းဖြင့် ငွေရှာမည်က ပို၍ကြောက်ဖို့ကောင်းသည်။ လောင်းကစားမှုကျူးလွန်သူတို့ကို အပေါင်းအသင်းပြုလုပ်မည့်သူ၊ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မည့်သူမရှိနိုင်ပေ။ ဘဝဆိုသည်မှာ လောင်းကြေးထပ်၍ ကောင်းသောအရာမဟုတ်သဖြင့် လောင်းကစားမှုကျူးလွန်သူကို မိမိဘဝနှင့် လောင်းကြေးထပ်၍ လက်ထပ်မည့်သူ၊ လက်တွဲမည့်သူမရှိသည်က မဆန်းပေ။ အွန်လိုင်းအင်တာနက်ဆိုသည်မှာ လူငယ်များအတွက် ဘဝခရီးတက်လမ်းကို လျှောက်လှမ်းနိုင်ရေးလိုအပ်သည့်ပညာဗဟုသုတများကိုရှာဖွေရန် နေရာတစ်ခုဖြစ်သည်။ ထိုနေရာတွင် လောင်းကစားခြင်းဆိုသည့် မိမိ၏ပိုင်ဆိုင်မှုများကို လောင်းကြေးထပ်၍ မိုက်ဇာတ်ခင်းမည်ဆိုပါက မိမိတို့၏အမှားပင်ဖြစ်သည်။ မိမိတို့၏ဘဝအားလပ်ချိန်များသည် ဘဝတက်လမ်းအတွက် အသုံးချရမည့် ရွှေကဲ့သို့ အဖိုးတန်သည့်အရာများဖြစ်သည်။ အားလပ်ချိန်များကို အသုံးချ၊ ငွေကိုလည်းပုံအောပေး၍ အွန်လိုင်းလောင်းကစားကို ကျူးလွန်မိမည်ဆိုပါက မိမိထက်မိုက်မဲသောသူဟူ၍ ရှိနိုင်မည်မထင်ပေ။

**သတိပြုရှောင်ရှား**

မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိဘဝတိုးတက်လမ်းအတွက် အချိန်နှင့်လုပ်အားတို့ကို အကျိုးရှိရှိ အသုံးချရန်လိုသည်။ အပျင်းပြေသဘောဖြင့်ဖြစ်စေ မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ စမ်း၍ အွန်လိုင်းလောင်းကစားများကို မကျူးလွန်မိကြဖို့လိုသည်။ နည်းပညာက တစ်နေ့တခြားတိုးတက်လာနေပြီဖြစ်သည်။ မိမိတို့ စမတ်ဖုန်းအတွင်းရှိ အွန်လိုင်းငွေကြေးဝန်ဆောင်မှုအကောင့်များမှ ငွေကြေးများကို နည်းလမ်းပေါင်းစုံသုံး၍ လိမ်လည်ရယူနိုင်ရေး ကြိုးစားနေကြသူများကလည်း ဒုနဲ့ဒေးပင်။ အွန်လိုင်းလောင်းကစားဂိမ်းတစ်ခုကို ဆော့ကစားမိရာမှ မိမိ၏ဖုန်းအတွင်းရှိ အွန်လိုင်းငွေကြေးဝန်ဆောင်မှုများရှိ ငွေများပါသွားနိုင်သည်ထိ နည်းပညာက ကြောက်စရာကောင်းနေပြီဖြစ်သည်။ သို့ဖြစ်ရာ အွန်လိုင်းလောင်းကစားဟူသမျှကို သတိပြုရှောင်ရှားခြင်းဖြင့် အေးချမ်းသော၊ တိုးတက်အောင်မြင်သော၊ သာယာပျော်ရွှင်သောဘဝကိုဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ

# လက်သည်းခွံမှာအဖြေရှာ ကျန်းမာရေးပြဿနာ

**ပေါက်ပေါက်**

ဆံပင်နှင့်ခန္ဓာကိုယ်အရေပြားကဲ့သို့ပင် လက်သည်းခွံများကိုလည်း Keratin အလွှာများဖြင့် တည်ဆောက်ထားသည်။ American Academy of Dermatology ၏ မှတ်တမ်းများအရ လက်သည်းခွံများသည် တစ်လလျှင် နှစ်မီလီမီတာမှ သုံးမီလီမီတာခန့် ရှည်ထွက်လေ့ရှိပြီး ခြေသည်းခွံများက လစဉ်တစ်မီလီမီတာ ရှည်ထွက်ကြကြောင်း၊ အထူးသဖြင့် လက်သည်းကို များများအသုံးပြုရသူများနှင့် ပူအိုက်သော နွေရာသီတို့တွင် အရှည်မြန်ဆန်တတ်ကြောင်း လေ့လာမှတ်သားရသည်။

ယေဘုယျအားဖြင့် လက်သည်းခွံများကို ယားယံခြင်းအတွက် ကုတ်ခြစ်ရန်သာ အသုံးဝင်သည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ စင်စစ် လက်သည်းများသည် တစ်ကိုယ်ရေကျန်းမာရေးအတွက် အဓိကကျသော အစိတ်အပိုင်းဖြစ်သကဲ့သို့ မိမိတို့ နိစ္စဓူဝ လုပ်ငန်းဆောင်တာများတွင် မရှိမဖြစ် အရေးပါအရာရောက်ကြောင်း သတိထားမိကြဟန်မတူပေ။ ထို့ပြင် မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော ခန္ဓာကိုယ်အတွင်းရှိ ရောဂါဘယများကို အောက်ဖော်ပြပါ နည်းလမ်းအသွယ်သွယ်တို့ဖြင့်လည်း လက်သည်းပေါ်တွင် အဖြေရှာကြည့်နိုင်ပါသည်။

**ကူးစက်ရောဂါများ**

လက်သည်းပတ်ဝန်းကျင်ရှိ အရေပြားများ နီရဲယားယံနာကျင်လာခြင်းသည် လက်သည်းမှိုစွဲနေသော လက္ခဏာဖြစ်သည်။ ထိုအခါ လက်သည်းများ အသားထူ ကြမ်းထော်ကွဲအက်ကာ စိမ်းပြာပုပ်အရောင်ပြောင်းသွားပြီး နောက်ဆုံးတွင် လက်သည်းခွံကျွတ်ထွက်ပါလိမ့်မည်။ ခြေသည်း၊ လက်သည်းများ မှိုစွဲပါက နောက်ဆက်တွဲပြဿနာများအဖြစ် ကြွက်နို့၊ အသားမာ၊ ကူးစက်ရောဂါများအပြင် ကိုယ်ခံစွမ်းအားကိုလည်း ကျဆင်းစေနိုင်သဖြင့် ခြေသည်း၊ လက်သည်းများကို သန့်ရှင်းစင်ကြယ်စေရန် ဂရုစိုက်သင့်ပါသည်။

**အရေပြားပေါ်ရှိ အမဲကွက်များ**

နှာခေါင်းနှင့် နားရွက်တစ်ဝိုက်တွင် အရေပြားအရောင်ပြောင်းလဲကာ အမဲကွက်များပေါ်ထွက်လာခြင်းသည် အရေပြားကင်ဆာ အစပျိုးခြင်းဖြစ်ကြောင်း၊ လက်သည်းအောက်ခြေတွင် အညိုရောင်အစင်းကြောင်းများ ပေါ်နေခြင်းသည် Acral Lentiginous Melanoma ခေါ် အရေပြားကင်ဆာရောဂါတစ်မျိုးဖြင့် ဆက်စပ်မှုရှိကြောင်း အမေရိကန်နိုင်ငံရှိ Skin Cancer Foundation မှ အရေပြားရောဂါအထူးကု ဆရာဝန်ကြီးများက အကြံပြုထားကြသည်။

**အာဟာရချို့တဲ့ခြင်း**

မိမိ ရွေးချယ်စားသုံးသော အစားအစာထဲတွင် အိုမီဂါ-၃ ဖက်တီးအက်ဆစ်၊ ပရိုတင်းနှင့် သံဓာတ်ပါဝင်မှုအနည်းအများက ဆံပင်၊ အရေပြား၊ ခြေသည်း လက်သည်း ကျန်းမာရေးနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ သံဓာတ်အားနည်းခြင်းသည် လက်သည်းရှည်ခြင်းကို နှေးကွေးစေသကဲ့သို့ သွေးအားနည်းသောအခါတွင်လည်း လက်သည်းအရောင်ဖျော့နေပါလိမ့်မည်။ အကယ်၍ သင့်လက်သည်းများ ပါးလွှာ၍ အပေါ်တွင် ဒေါင်လိုက်အစင်းကြောင်းများပေါ်လာလျှင် အာဟာရဓာတ်ချို့တဲ့နေခြင်းဖြစ်သည်။

**ထိခိုက်အနာတရဖြစ်ခြင်း**

မတော်တဆလက်ချောင်းများ တံခါးညပ်မိခြင်း၊ ခြေသည်းခွံပေါ် လေးလံသောပစ္စည်းအမာများပြုတ်ကျခြင်းကြောင့် လက်သည်းခွံအောက်အရေပြားအသားကို ထိခိုက်ဒဏ်ရာရစေကာ၊ ခြေသည်း လက်သည်းပေါ်တွင် အဖြူ၊ အမဲအစက်ပြောက်ပေါ်ခြင်း၊ ကျိုးခြင်း၊ အသစ်ရှည်ထွက်လာသော ခြေသည်း၊ လက်သည်းခွံများ ကွဲထွက်နေခြင်းတို့ ဖြစ်တတ်သည်။

**ရောင်ရမ်းနာများ**

အဆစ်အမျက်ဝေဒနာအမျိုးအစားပေါင်း ၁၀၀ ကျော်ရှိသည့်အနက် အချို့ရောဂါတစ်စိတ်တစ်ဒေသ လက္ခဏာများကို လက်သည်းခွံမှ လေ့လာသိရှိနိုင်ပါသည်။ ၎င်းတို့မှာ-

- လက်သည်းခွံပျော့ရခြင်းအကြောင်းရင်းသည် Selenium ဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်ပြီး အရိုးပျော့ရောဂါနှင့် ဆက်စပ်မှုရှိကြောင်း၊



- လက်သည်းခွံပေါ်တွင် အဝါရောင်လှိုင်းများ ဖြစ်ပေါ်ခြင်းသည် ယားယံသောအနီကွက်များဖြစ်သည့် အရေပြားရောဂါတစ်မျိုးဖြင့် ဆက်စပ်မှုရှိကြောင်း၊
- လက်သည်းခွံ၏ အောက်ခြေအရေပြားများ ရောင်ကိုင်းနာကျင်ခြင်းသည် အရေပြားရောင်သည့်ရောဂါနှင့် ဆက်စပ်မှုရှိကြောင်း၊
- Lunula ခေါ် လက်သည်းခွံအောက်ပိုင်း အဖြူရောင်လခြမ်းပုံသဏ္ဌာန် အဝိုက်လေးသည် အနီရောင်ပြောင်းနေပါက အဆစ်အမျက်ရောင်ကိုင်းရောဂါနှင့် ဆက်စပ်မှုရှိကြောင်း၊
- လက်သည်းများ မကြာခဏပဲ့ထွက်ခြင်းသည် Kawasaki ခေါ် အဆစ်အမျက်ရောင်ရမ်းနာတစ်မျိုးဖြင့် ဆက်စပ်မှုရှိကြောင်း အမေရိကန်နိုင်ငံရှိ Arthritis Foundation က ဆိုထားသည်။

**အဆုတ်နှင့် သက်ဆိုင်သောရောဂါများ**

လက်သည်းနှင့် နှုတ်ခမ်းသား အရောင်များသည် တိုက်ရိုက်အချိုးကျ ဆင်တူလျက်ရှိပါသည်။ အကယ်၍ လက်သည်းခွံနှင့် နှုတ်ခမ်းသား အရောင်များ အပြာရောင်သန်းနေပါက ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ပြတ်လပ်နေသဖြင့် ပန်းနာ၊ လေပြွန်ဖောင်းပွသည့်ရောဂါ၊ ဟေမိုဂလိုဘင် လျော့နည်းခြင်း၊ အဆုတ်ရောင်ရောဂါတို့ဖြစ်ပေါ်နိုင်ပါသည်။ နှလုံးရောဂါဖြစ်လျှင်လည်း လက်သည်းခွံရောင်သည် အပြာရောင်သို့ ပြောင်းသွားတတ်သဖြင့် အတွေးမမှားရအောင် တတ်ကျွမ်းနားလည်သူ ဆရာဝန်နှင့် အရေးပေါ်ဆွေးနွေး တိုင်ပင်သင့်သည်။

**ဆီးချိုရောဂါ**

ရေငတ်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ လက်သည်းခွံနှင့် အသားအရေများ အဝါရောင်ပြောင်းလဲခြင်းတို့သည် ဆီးချိုရောဂါလက္ခဏာအစ ဖြစ်သကဲ့သို့ လက်သည်းထဲရှိ ကော်လဂျင်ပရိုတင်းနှင့် ဂလူးကို့၏ဓာတ်ပြောင်းလဲမှုကြောင့် လက်သည်းခွံအဝါရောင်ပြောင်းသွားတတ်သည်။ ထို့ကြောင့် ကုသရန်ခက်ခဲသော ဆီးချိုအန္တရာယ်မှကင်းဝေးစေရန် ဆရာဝန်ဖြင့် အချိန်မီကုသမှုခံယူသင့်သည်။

**စိုးရိမ်ပူပန် စိတ်ဖိစီးမှုများခြင်း**

စိတ်ဖိစီးခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းခံစားရသူများနှင့် အချို့သောမွေးရာပါ စိတ်အားငယ်တတ်သူများသည် လက်သည်းကို သွားဖြင့်ကိုက်ဖြတ်လေ့ရှိကြသည်။ လက်သည်းညှပ်ကိရိယာမသုံးဘဲ ထိုသို့ကိုက်ဖြတ်ခြင်းကြောင့် လက်သည်းအလုပျက်စေ၍ ရံဖန်ရံခါ သွေးထွက်ကာ လက်မှတစ်ဆင့် ပါးစပ်နှင့်ခန္ဓာကိုယ်ထဲသို့ ကူးစက်ရောဂါပိုးများ ဝင်တတ်သည်။ ထိုအကျင့်ဆိုးမှ ပပျောက်အောင် လက်သည်းခွံကို ဆေးဆိုး၍ ပုံဖော်အလှဆင်ခြင်း သို့မဟုတ် လက်သည်းဆိုးဆေးခြယ်ထားခြင်းတို့ဖြင့် ကြိုတင်ကာကွယ်နိုင်သည်။ အကယ်၍ လက်သည်းကို ကိုက်မြဲတမ်းဆက်ကိုက်နေပါက စိတ်ရောဂါနှင့်ဆက်စက်မှုရှိသဖြင့် စိတ်ရောဂါအထူးကုဆရာဝန်ဖြင့် ဆွေးနွေးသင့်သည်။

**နှလုံးရောဂါ**

သွေးတိုးခြင်းနှင့် ကိုလက်စထရောများခြင်းတို့သည် နှလုံးရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်သကဲ့သို့ လက်သည်းခွံမှလည်းအဖြေထုတ်နိုင်သည်။ သာမန်ထက်ကြီးမားသော တင်းပုတ်ပုံသဏ္ဌာန်လက်သည်းပိုင်ရှင်များနှင့် လက်သည်းခွံအရောင်ဖျော့သူများ သို့မဟုတ် အပြာရောင်သန်းနေသူများသည် မွေးရာပါ နှလုံးရောဂါ ပါလာတတ်ကြသည်။ အကယ်၍ လက်သည်းခွံအောက်ခြေတွင် သွေးစီးကြောင်းကဲ့သို့ အနီ သို့မဟုတ် နီညိုရောင်လိုင်းများပေါ်လာပါက နှလုံးတွင် တစ်စုံတစ်ရာချို့ယွင်းနေပြီဟုမှတ်ယူပါ။

**သိုင်းရွိုက်ရောဂါ**

ခန္ဓာကိုယ်အလေးချိန် ရုတ်တရက် တက်လာခြင်း သို့မဟုတ် ကျသွားခြင်းတို့သည် သိုင်းရွိုက်ရောဂါလက္ခဏာများဖြစ်သကဲ့သို့ လက်သည်းခွံများကလည်း ဆရာဝန်တစ်ယောက်သဖွယ် အဖြေထုတ်ပေးနိုင်ပါသည်။ ခြေသည်းခွံအောက်အရေပြားမှ ရှည်ထွက်လာသော ခြေသည်းခွံများအလိုအလျောက်ကွဲထွက်ခြင်း၊ ခြေသည်းလက်သည်းခွံများ အပေါ်သို့ ကြွတက်ခြင်းတို့သည် မှိုပိုးများကြောင့်ဖြစ်စေနိုင်သလို၊ သိုင်းရွိုက်ရောဂါနှင့်လည်းဆက်စပ်မှုရှိနိုင်သည်။

**လက်သည်းခွံနှင့် တရုတ်ဆေးပညာ**

တရုတ်ဆေးပညာတွင် လက်သည်းခွံအရင်းပေါ်မှ ထွက်လာသည့် အဖြူရောင်လခြမ်းလေးများကို ကျန်းမာရေးတိုင်းသည့် ကိရိယာတစ်ခုအနေဖြင့် မှတ်ယူကြသည်။ ဆေးပညာရှင်များ၏ အဆိုအရ လက်ချောင်း ရှစ်ချောင်းမှစပြီး လက်ချောင်းအားလုံးပေါ်ထိ လခြမ်းများရှိနေပါက ကျန်းမာရေးအကောင်းဆုံးအခြေအနေရှိနေခြင်းကိုဖော်ပြပြီး လခြမ်းပိုဖြူလေ ကျန်းမာရေးပိုကောင်းလေဖြစ်သည်။ လခြမ်းများကို ရှစ်ချောင်းအောက် ပိုနည်းပြီးတွေ့ရပါက စွမ်းအင်ပိုနည်းသွားပြီး ခုခံအားစံနစ်လည်း လျော့နည်းနေခြင်းကို ပြသနေပါသည်။ လက်သည်းခွံအားလုံးတွင် လခြမ်းများမရှိပါက ခန္ဓာကိုယ်တွင်း ခုခံအားစံနစ် မညီမျှမှုများဖြစ်နေခြင်းကို ပြသခြင်းဖြစ်သည်။ သိုင်းရွိုက်ဂလင်း၊ သံဓာတ်အားနည်းခြင်း၊ နာတာရှည် ကျောက်ကပ်ရောဂါ၊ စိတ်ကျရောဂါ၊ ဗီတာမင်ဘီ ၁၂ ချို့တဲ့ရောဂါများဖြစ်တတ်သည်။

**လက်သည်းအလှမပျက်စေဖို့ သတိပြုရန်**

လက်သည်းခွံ သပ်ရပ်လှပနေခြင်းသည် လူအများရှေ့တွင် မိမိကိုယ်ကိုယုံကြည်မှုတစ်ရပ်ဖြစ်စေသလို၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက်လည်း ပဓာနကျလှသည်။ လက်သည်းခွံ မထိခိုက်မပျက်စီးစေရန် အိုးတိုက်ပန်းကန်ဆေး၊ ကြမ်းတိုက်၊ ပန်းပင်စိုက် စသည့်အိမ်မှုကိစ္စများကို လက်အိတ်စွပ်၍လုပ်ခြင်း၊ အဝတ်လျှော်ခြင်းနှင့် နေပူထဲထွက်ခြင်းတို့အတွက် လက်သည်းခွံ အစိုဓာတ်ထိန်းသိမ်းစေရန် ခရင်မ်လိမ်းပေးခြင်း၊ ရုံးစာရွက်စာတမ်းများနှင့် စာအိတ်ဖောက်ရာတွင် လက်သည်းကို အသုံးမပြုဘဲ စာရေးကိရိယာ တန်ဆာပလာကိုအသုံးပြုခြင်း စသည်ဖြင့် ဂရုစိုက်ပေးသင့်သည်။ အချို့သော လက်သည်းဆိုးဆေးများသည် လက်သည်းခွံကို ခြောက်သွေ့ကာ အရောင်မွဲသွားစေသည်။ ထို့ကြောင့် လက်သည်းများကို အရောင်ဆိုးခြင်းထက် Nail Polish ကိုသာ ဆိုးပေးခြင်းက လက်သည်းမပွန်းပဲ့ မပျက်စီးစေရန် ကာကွယ်ရာရောက်သည့်အပြင် လက်သည်းခွံများမှ ဖော်ပြနေသောနိမိတ်ပြရောဂါများကိုဖတ်ရှုကာ အချိန်မီကုသ၍ စိတ်ချမ်းသာရာရစေသည်။ မြန်မာ့ရိုးရာဓလေ့အရ တနင်္ဂနွေနေ့၌ လက်သည်းညှပ်ပါက ဥစ္စာပစ္စည်းများ ပျောက်ဆုံးတတ်ကြောင်း၊ တနင်္လာနေ့၌ လက်သည်းညှပ်ပါက အိမ်ရှိပစ္စည်းများ သူခိုးခိုးခံရတတ်ကြောင်း၊ အင်္ဂါနေ့၌ လက်သည်းညှပ်ပါက အသက်ရှည်တတ်ကြောင်း၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာနေ့များ၌ လက်သည်းမညှပ်ကောင်း လာဘ်တိတ်တတ်ကြောင်း၊ စနေနေ့၌ လက်သည်းညှပ်ပါက အမှုကိစ္စအရာခပ်သိမ်း အောင်မြင်ပြီးမြောက်တတ်ကြောင်း အယူရှိသည်။

သို့ပါ၍ တစ်ကိုယ်ရေသန့်ရှင်းခြင်းဖြင့် လက်သည်းအလှထိန်းသိမ်းကာ အထက်ဖော်ပြပါ နည်းလမ်းအသွယ်သွယ်တို့ဖြင့် ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိရှိစေလိုပါကြောင်း သတင်းကောင်းပါးရေးသားလိုက်ရပါသည်။

**ကိုးကား**

– American Academy of Dermatology

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၇၇၀ နှင့် ဖူးစားပြောင်း ၁၀၄၈ ဧက စုစုပေါင်း ၁၈၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ဧက ၇၇၀ တွင် တစ်ဧကလျှင် ၄၄ ဒသမ ၅၈ တင်းနှင့် ဖူးစားပြောင်း၁၀၄၈ ဧကတွင် တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ၁၈၁၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

**မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း) အသုံးစရိတ်ခေါင်းစဉ်အောက်မှ မူလနှင့် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းနှင့် ကင်းတားလက်ဝဲမြောင်း ပေတိုင်-၁၃၄၂၀၀ရှိ ရေငုပ်ပြွန်(စမုံရေငုပ်ပြွန်)အသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများတွင် ဆောင်ရွက်မည့်လုပ်ငန်းများအနက် တင်ဒါခေါ်ယူရန်လိုအပ်သော လုပ်ငန်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းအတွက် Lot အလိုက် သတ်မှတ်ထားရှိမှု၊ အိတ်ဖွင့်တင်ဒါ လျှောက်လွှာ ပုံစံများကို ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာရယူရမည့်ရက် | - | ၂၄-၁၁-၂၀၂၅ မှ ၈-၁၂-၂၀၂၅ |
| (ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - | ၈-၁၂-၂၀၂၅ ရက်၊ (၁၆:၃၀)နာရီ |
| (ဂ) တင်ဒါဖွင့်မည့်ရက် | - | ၁၂-၁၂-၂၀၂၅ (ခန့်မှန်း) |
| (ဃ) တင်ဒါဖွင့်မည့် နေရာ | - | ၂၆ ဘီလမ်း၊ ၇၀ × ၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်း - ၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

---

**ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



---

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

# (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

---

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး

Tea Mix

Lemon Tea



ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Black Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits Online Lottery

(၂၆)ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး ကျပ်သိန်း (၁၀၀၀) အတွက် ကံထူးရှင် ထွက်ပေါ်လာခဲ့ပါသဖြင့် (၂၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး၏ ထီဆုငွေမှာ-

Jackpot ဆုကြီး ကျပ်သိန်း

၁၀၀၀

*117#

ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

လစဉ် (၁)ရက်နေ့နှင့် (၁၆)ရက်နေ့တွင်ထီဖွင့်ပါသည်။

Call Center 777 (or) 09 677 000 777

Scan Me

Available on the App Store

GET IT ON Google Play


## ဗိုလ်ကြီးမြတ်မင်းဦး (ငြိမ်း)

### အသက် ၄၂ နှစ်

ကျောက်ဆည်မြို့၊ စုကြီး၊ ကံဦးရပ်ကွက်နေ
ဦးကြည်မင်း+(ဒေါ်မြမြတ်စိုး)တို့၏ သား
**ဗိုလ်ကြီးမြတ်မင်းဦး(ငြိမ်း) အသက် ၄၂ နှစ် သည်**

၉၆ ပါးသောရောဂါဖြင့် ၂၃-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်အချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၅ ရက် နံနက် ၉ နာရီအချိန်တွင် ကျောက်ဆည်မြို့၌ သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


ရောင်းရန်ရှိသည်

မန္တလေးမြို့ GEC ဆေးရုံတွင် အသုံးပြုလျက်ရှိသော အောက်ဖော်ပြပါ ဆေးရုံလုပ်ငန်းသုံးပစ္စည်းများကို မျက်မြင်အခြေအနေများအတိုင်း(ညှိနှိုင်း) ဈေးဖြင့် ရောင်းချရန်ရှိပါသဖြင့် ဝယ်ယူရန်စိတ်ပါဝင်စားသူများအောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

(၁) ခွဲစိတ်ခန်း သုံးပစ္စည်းများ
(၂) မွေးခန်းသုံးပစ္စည်းများ
(၃) ဓါတ်မှန်စက်နှင့် ပစ္စည်းများ
(၄) ဓါတ်ခွဲခန်းသုံးစက်နှင့် ပစ္စည်းများ
(၅) မီးစက် (တရုပ်)

ဆက်သွယ်ရန်
ဆေးရုံတာဝန်ခံ 09-677606967
အတွင်းရေးမှူး 09-426806409



အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး အလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း ၀၉-၇၅၀၅၆၇၆၉၄


အဖိုးတန်

ရေချိုကို

ချွေတာပါ

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဟူသည့်နေရာတွင် အခြားနိုင်ငံများ၏ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုး မဟုတ်ဘဲ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန်အရေးကြီး...**

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မအူပင်မြို့ရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။


နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ယနေ့မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်




နေပြည်တော် နိုဝင်ဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ

စာမျက်နှာ ၂၅ ကော်လံ ၁ ❖

## ဗိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

ဗိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

စာမျက်နှာ - ၂၄

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉